ဓမ္မဒါနကုသိုလ်ရှင်

မိခင်ကြီး ဒေါ်လေးကြည်

အား ရည်စူး၍

ဦးအောင်မင်းစိန် + ဒေါ်သန်းသန်းအေး

သားကြီး-မောင်တင်အောင်ဝင်း

သားငယ်-မောင်အောင်ကိုကိုမြတ်

မိသားစု ကောင်းမှု

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၇၄)

# ကုသိုလ်တစ်ပဲ ရေတစ်ပိဿာ


အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# ကုသိုလ်တစ်ပဲ ရေတစ်ပိဿာ

## မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၄ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နတ်တော်လပြည့်ကျော်(၂)ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၌ ဆင်ယင်ကျောင်းပ ပြုလုပ်အပ်သည့် ဝါတွင်းဝါပ သံဃာတော်များအား ဆွမ်းလောင်းလှူသည့် ဝိသုဒ္ဓိဆွမ်းလောင်းအသင်း၏ ပဥ္စမအကြိမ်မြောက် ဆင်ယင်ကျောင်းပပြုလုပ်အပ်သည့် ဓမ္မပူဇာသဘင် အခမ်းအနား၌ ဟောကြားအပ်သော **"ကုသိုလ်တစ်ပဲ ရေ တစ်ပိဿာ"** တရားဒေသနာတော်။

**"ကုသိုလ်တစ်ပဲ ရေတစ်ပိဿာ"** ဗမာစကားပုံကို အားလုံး ကြားဖူးကြလိမ့်မယ်။ **"ကုသိုလ်တစ်ပဲ ရေ တစ်ပိဿာ"** ဆိုတာ လုပ်တာကတော့ ကုသိုလ်ရေး လုပ်ငန်းကို လုပ်တယ်၊ သို့သော် အကုသိုလ်တွေ ပါလာတဲ့အခါ ရလိုက်တဲ့ ကုသိုလ်က တစ်ပဲသား

လောက် ရပြီးတော့ ငရဲမှာဖြစ်စေတတ်တဲ့ အကုသိုလ် တွေကပဲ များတယ်။ ဒီလိုဟာမျိုး မရှိဘူးလားဆိုတော့ ရှိတယ်၊ လောကကြီးမှာ ကုသိုလ် လုပ်ပေမယ့်လို့ လုပ်တတ်မှ ကုသိုလ်ဖြစ်တယ်၊ မလုပ်တတ်ရင် အကုသိုလ်တွေ ဖြစ်တတ်တယ်။ အဲဒါကြောင့်မို့ တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့ ရှေးဦး စွာ ဒါဟာ ကုသိုလ်လား၊ ဒါဟာ အကုသိုလ်လား ဒါကို သိဖို့လိုတယ်။

အခုဒီစကားပုံမှာ "**ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ**" လို့ ပြောတာက အကုသိုလ်မှန်လို့ရှိရင် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လို့ခေါ်တဲ့ အပါယ်လေးဘုံမှာ အကျိုးပေးတတ်လို့ ပြောတာ။ ငရဲ ကျစေနိုင်တဲ့ အကုသိုလ်ကံကို ရည်စူးပြီး ငရဲလို့ပြောတာ။ အရပ် စကားမှာလဲ ပြောလေ့ရှိတယ်မဟုတ်လား၊ ဒါလုပ်ရင် ငရဲကြီးသလား? အကုသိုလ်ဖြစ်သလားလို့ မေးတဲ့လူ အလွန်နည်းတယ်။ ငရဲကြီးသလားလို့ပဲ မေးတယ်၊ အဲဒီတော့ ငရဲမကြီးဘူးဆိုရင် လုပ်ကောင်းလုပ်လိမ့်

မယ်ပေါ့၊ ငရဲကြီးမှာတော့ ကြောက်တော့ကြောက်သား။ သို့သော် ငရဲကြီးတယ်ဆိုတာ အပြစ်ကြီးတာကို ပြောတာ၊ အဲဒီတော့ အပြစ်ကြီးတယ်ဆိုတာ အကုသိုလ်ဖြစ်တာကို ပြောတာ၊ အကုသိုလ်ဖြစ်တိုင်းတော့ ငရဲကျတာ မဟုတ်ဘူး၊ ဘယ်အရာပဲဖြစ်ဖြစ် သူ့အတိုင်းအတာနဲ့သူရှိတယ်၊ လုပ်ဆောင်ချက်တွေမှာ အကုသိုလ်ချင်းတူပေမယ့်လို့ ဆိုပါစို့၊ လောဘဖြစ်တာချင်း တူပေမယ့်လို့ အကျိုးပေးမတူဘူး။ မြတ်စွာဘုရားကမှ ဒီလောဘ ဘယ်အထိအောင် အကျိုးပေးတယ်ဆိုတာ သိတယ်။ ဘုရားသိတယ်ဆိုတာ ဖြစ်ပေါ်လာတဲ့ လောဘရဲ့ energy တွေ၊ ပတ်ဝန်းကျင် အခြေအနေတွေ၊ ထိုလောဘဖြစ်ပေါ်ရာဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့ အနေအထားတွေ၊ ဒီလို ဘက်စုံကြည့်ပြီးတော့မှ ဆုံးဖြတ်ချက်ချရတာ။

သူ့သန္တာန်မှာ ဖြစ်တာလဲ လောဘ၊ ငါ့သန္တာန်မှာ ဖြစ်တာလဲ လောဘ၊ လောဘချင်းအတူတူ အားလုံးဟာ အပါယ်ငရဲကို ကျစေတတ်သလား၊ အပါယ်ငရဲကို

ပို့ဆောင်မှာလားဆိုတော့ မဟုတ်ဘူး၊ တချို့လောဘက ငရဲကိုချတယ်၊ တချို့လောဘကျတော့ တိရစ္ဆာန်ဘဝကို ပို့တယ်၊ တချို့လောဘက ပြိတ္တာဘဝကိုပို့တယ်၊ သုတ္တန် ပါဠိတော်တွေမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ လို့ အပါယ်ကို သုံးဘုံပဲရေးတာများတယ်။ အဲဒီ ပြိတ္တာဆိုတဲ့အထဲမယ် အသူရကာယ်ထည့်ပြီးတော့ အပါယ်လေးဘုံလို့ ဒီလို မှတ်ကြတယ်ပေါ့။

အဲဒီလို အကုသိုလ်ကံသက်သက် အကျိုးပေးရာ ဘုံဟာ လေးမျိုးရှိတယ်။ အဲဒီလေးမျိုးထဲမှာ အဆိုးဆုံး ကတော့ ငရဲဘုံပဲပေါ့။ ငရဲထက် နည်းနည်း သက်သာ တာကျတော့ တိရစ္ဆာန်၊ တိရစ္ဆာန်ထက် နည်းနည်း သက်သာတာက ပြိတ္တာ၊ ပြိတ္တာထက် နည်းနည်း သက်သာတာက အသူရကာယ်လို့ ဒီလိုပြောလို့ရတယ်။ အကုသိုလ်ကံတွေထဲမှာ လုပ်တဲ့လူရဲ့ အတိုင်းအတာ၊ လုပ်တဲ့လူရဲ့အနေအထား၊ လုပ်သူရဲ့သန္တာန်မှာ ဖြစ်ပေါ် လာတဲ့ အနေအထား၊ ဖြစ်ပေါ်လာတဲ့ အကုသိုလ် စိတ်ရဲ့ စွမ်းအား၊ ပတ်ဝန်းကျင် အခြေအနေ ဒါတွေကို

ကြည့်ပြီးတော့ ဘုရားမှသိတယ်။ မြတ်စွာဘုရားရဲ့ "**တထာဂတဗလ**" ဘုရားရှင်တို့ရဲ့ အင်အားဆယ်မျိုးထဲမှာ "**သဗ္ဗတ္ထ ဂါမိနီ ပဋိပဒါ**" တဲ့။ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီးတော့ သူ့ရဲ့ လုပ်ဆောင်ချက်ကတော့ ဘယ်ဘုံကိုပို့မှာလဲဆိုတာ မြတ်စွာဘုရားက ရှင်းလင်းပြီး ဟောကြားနိုင်တယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေက ရှင်းလင်းပြီးတော့ မဟောကြားနိုင်ဘူးတဲ့။ ဘုရားကလွဲပြီး ကျန်တဲ့ပုဂ္ဂိုလ်တွေက မပြောနိုင်ဘူး။ မြတ်စွာဘုရားကတော့ အတိအကျပြောတယ်။ ဘာဖြစ်လို့ ပြောနိုင်တာလဲဆို အခြေအနေအရပ်ရပ်ကို မြတ်စွာဘုရားမှ ကုန်စင်အောင်သိတာ။ လူတွေက အကြောင်းကို ကြည့်ပြီးတော့သာ ခန့်မှန်း ပြောကြရတာကို။ ဖြစ်ပေါ်နေတဲ့ အကြောင်းတစ်ခုကိုကြည့်ပြီး ဘာဖြစ်လိမ့်မယ်၊ ညာဖြစ်လိမ့်မယ် ကြိုတင်ပြီးတော့ ခန့်မှန်း ပြောဆိုကြတာတွေ ရှိတယ်ပေါ့။ မုန်တိုင်း သတင်းတွေ၊ မိုးလေဝသ သတင်းတွေ ထုတ်ပြန်တာလိုပေါ့။ ဖြစ်ပေါ်နေတဲ့ အနေအထားတစ်ခုကို ကြည့်ပြီး

ကြိုတင်ပြီး ဟောကိန်းတွေ ထုတ်တာပေါ့။ Predict လို့ခေါ်တယ်။ မြတ်စွာဘုရားကတော့ တိတိကျကျ ဟောကိန်းထုတ်နိုင်တယ်တဲ့။ လူပုဂ္ဂိုလ်ရဲ့ အနေအထားကို ကြည့်တယ်၊ သူ့သန္တာန်မှာ ဖြစ်နေတဲ့ အကုသိုလ်ရဲ့စွမ်းအားကို ကြည့်တယ်၊ အခြေအနေကို ကြည့်တယ်။

အဲဒီတော့ အကုသိုလ် ဆိုတာမှာ တချို့ အကုသိုလ်က ငရဲကိုပို့တယ်၊ အဲဒီ ငရဲကိုပို့နိုင်တဲ့ အကုသိုလ်က ဘယ်လိုအတိုင်းအတာထိ ရှိသလဲဆိုတာ မြတ်စွာဘုရားက ဆုံးဖြတ်တယ်။ ဒေဝဒတ်နဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရား Predict လုပ်တာ၊ ကြိုတင်ပြီးတော့ ဟောကိန်းထုတ်တာက **"အာပါယိကော ဒေဝဒတ္တော၊ နေရယိကော ဒေဝဒတ္တော၊ ကပ္ပဋ္ဌော အတေကိစ္ဆော"** အဲဒီ မြတ်စွာဘုရားရဲ့ ကြိုတင် ဟောကိန်းထုတ်မှုနဲ့ ပတ်သက်ပြီးတော့ အဲဒီခေတ်က မယုံမကြည်ဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေရှိခဲ့ဖူးတယ်။ ဒီစကားနဲ့ ပတ်သက်ပြီး ပြဿနာတက်တယ်၊ အေး၊ ဒေဝဒတ်ကြီး

ဟာ definitely အပါယ်ဘုံဖြစ်မှာ၊ ငရဲကျမှာ။ ငရဲမှာ တစ်ကမ္ဘာပတ်လုံး ခံရလိမ့်မယ်။ ပြင်လို့မရတော့ဘူး၊ ကုစားလို့ မရတော့ဘူးလို့ မြတ်စွာဘုရားက ဒီစကားကို အမိန့်ရှိတယ်၊ ဒေဝဒတ်ရဲ့ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက အဲဒီလိုဟောတာ ရှိတယ်။

အဲဒီလိုဟောတော့ ရဟန်းသံဃာတွေထဲမှာပဲ ဘုရားစကားကို သံသယဖြစ်တဲ့ပုဂ္ဂိုလ်တွေ ပေါ်ခဲ့ဖူးတယ်။ ဘုရားရဲ့ တပည့်သားထဲမှာကို ပေါ်တာ၊ "ဘာဖြစ်လို့ ဒေဝဒတ်နဲ့ ပတ်သက်ပြီး အတိအကျ ဟောကိန်းထုတ်နိုင်ရသလဲ" လို့။ မြတ်စွာဘုရားမှာ သူများနဲ့မတူတဲ့ ဉာဏ်စွမ်းရှိတယ်၊ အရာခပ်သိမ်းကို မြင်နိုင်တဲ့ ဉာဏ်စွမ်းရှိတယ်။ အဲဒီ ဉာဏ်စွမ်းနဲ့ ဆုံးဖြတ်ချက်ချတာ။ ဒေဝဒတ်နဲ့ ပတ်သက်ပြီး၊ အဲဒီလို ကြိုတင်ဟောကိန်းထုတ်တာနဲ့ပတ်သက်ပြီး မြတ်စွာဘုရားက အရှင်အာနန္ဒာကို မိန့်ကြားတာရှိတယ်။ ဒေဝဒတ်နဲ့ ပတ်သက်ပြီး အခုလို တိတိကျကျ ဧကန်

တကယ်ကို ဖြစ်လိမ့်မယ်လို့ အတိအကျ ကေန်ဒိဋ္ဌ စကားကိုသုံးတာ တခြားကြောင့်မဟုတ်ဘူးလို့ မြတ်စွာဘုရားက ရှင်းပြတယ်။

"ဒေဝဒတ်ရဲ့သန္တာန်မှာ ကုသိုလ်စိတ်လို့ ပြောရလောက်အောင် ဖြူစင်တဲ့အပိုင်းလေးဟာ အခုခေတ်စကားနဲ့ပြောရင် အပ်ဖျားကလေးနဲ့ ထောက်ပြလောက်အောင်ကို မရှိတော့ဘူး" လို့ဆိုတယ်။ ဆိုလိုတာက ဒေဝဒတ်ရဲ့စိတ်ဟာ လုံးဝ မဲသွားပြီ၊ အဖြူဆိုတာ လုံးဝ မကျန်တော့ဘူး၊ သူ့သန္တာန်မှာ ကုသိုလ်စိတ်တွေဟာ လုံးဝပျက်စီးသွားပြီ၊ အကုသိုလ်စိတ်တွေပဲ ဖြစ်သွားပြီ၊ လုံးဝ အမဲရောင်သမ်းသွားပြီ၊ အဖြူဆိုတာ တစ်စက်ကလေးတောင် မရှိတော့ဘူးလို့။ စာထဲမှာတော့ "**အာရဂ္ဂကောဋိ နိတုဒနမတ္တံ**" ဆူးဖျားလေး အပ်ဖျားကလေးနဲ့ ထောက်ပြလောက်တဲ့ နေရာပမာဏလေးမှာတောင်မှပဲ ဒေဝဒတ်မှာ ဖြူစင်တဲ့ကုသိုလ်ဆိုတာ မကျန်တော့ဘူး။ ဒါကြောင့်မို့ ဒီစကားပြောတာတဲ့။ အကယ်၍များ သူ့သန္တာန်မှာ အဲဒီလို ထောက်ပြနိုင်လောက်

အောင် ဖြူဖွေးစင်ကြယ်တဲ့ စိတ်ဓာတ်ကလေး ကျန်ဦး မယ်ဆိုခဲ့ရင် ဘုရားက ဒီစကား ငါ မပြောသေးဘူးတဲ့။ ဒီလိုဆိုလိုတာ။

အဲဒီတော့ လူတစ်ယောက်ဟာ သေချာဒိဋ္ဌ ပြောလိုက်တဲ့စကားထဲမှာ "**အတေကိစ္ဆော**" တဲ့၊ ကုစား လို့ မရတော့ဘူး၊ ပြင်လို့မရတော့ဘူးလို့ ပြောတာ။ incurable ရောဂါတစ်ခုဟာ ဆရာဝန်တွေက ကုလို့ မရတော့ဘူးလို့ပြောတာ။ အခုခေတ်လို ဆိုရင်တော့ ကင်ဆာရောဂါနဲ့ ပတ်သက်ပြီး ကင်ဆာဆိုတာ incurable ကုလို့မရတဲ့ ရောဂါလို့ ဒီလိုဆိုကြတယ်။ အဲဒီလိုပဲ ဒေဝဒတ်ဟာ ပြင်လို့မရတော့ဘူး၊ နောက်ကျ သွားပြီ။ ဒီလို မြတ်စွာဘုရားက လူတစ်ယောက်သန္တာန် မှာဖြစ်တဲ့ အကုသိုလ်တွေနဲ့ ပတ်သက်ပြီးတော့ တိတိ ကျကျ ထုတ်ဖော်ဟောကြားနိုင်တယ်။

အဲဒီတော့ လူတွေရဲ့သန္တာန်မှာ ကုသိုလ်နဲ့ အကုသိုလ် နှစ်မျိုးရှိတယ်။ ကုသိုလ်ကို ဖြူစင်တဲ့အပိုင်း လို့မှတ်၊ အကုသိုလ်ကို မဲညစ်တဲ့အပိုင်းလို့မှတ်၊ စိတ်ထဲ

မှာ ဖြူစင်တဲ့အပိုင်းဟာ အလွန်နည်းပြီးတော့ မဲညစ်တဲ့ အပိုင်းက အလွန်များသွားတယ်။ ဒါကြောင့်မို့ ကုသိုလ် လုပ်ပြီးတော့ အကုသိုလ်ဖြစ်တဲ့ဟာတွေလည်းရှိတယ်၊ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာတုန်းမေးလို့ရှိရင် **"အထ ပါပါနိ ကမ္မာနိ ကရံ ဗာလော န ဗုဇ္ဈတိ"** တဲ့။ အကုသိုလ် လုပ်နေတဲ့ စဉ်းစားဉာဏ်ကင်းမဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဟာ ကိုယ် အကုသိုလ်လုပ်နေတာကိုပဲ အကုသိုလ် လုပ်နေတယ်ဆိုတာ မသိဘူးတဲ့။ မသိတော့ သူ ဆက်လုပ်တာ၊ ဒီလို ဆိုလိုတယ်။ **"သေဟိ ကမ္မေဟိ ဒုမ္မေဓော အဂ္ဂိတဍ္ဍောဝ တပ္ပတိ"** မီးလောင်ခံရတဲ့ သူဟာ တစ်ကိုယ်လုံး ပူသွားသလို၊ ကျွမ်းသွားသလို ကိုယ်လုပ်တဲ့ လုပ်ရပ်တွေက အကျိုးပေးပြီ ဆိုရင်တော့ ဒုက္ခရောက်ပြီတဲ့။ ဓမ္မပဒ ဂါထာမှာ မြတ်စွာဘုရား ဟောထားတာ၊ လောကမှာ ဗာလဆိုတဲ့ စဉ်းစားဉာဏ် ကင်းမဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ အရာရာမှာ အသိဉာဏ်ကို ရှေ့တန်းမထားသည့် အတွက်ကြောင့် အကုသိုလ်

ဖြစ်ပေမယ့်လို့ အကုသိုလ်ကို ကုသိုလ်ထင်တယ်၊ ကုသိုလ်ကိုကျတော့ အကုသိုလ်ထင်နေတယ်။

သေချာစဉ်းစားကြည့်ရင် ဒီကနေ့ခေတ်မှာ အင်မတန်မှ ကြောက်စရာကောင်းတယ်၊ အကုသိုလ်လုပ်နေတဲ့ပုဂ္ဂိုလ်တွေ ဆိုပါစို့၊ ပါဏာတိပါတအမှုကို ပြုနေတဲ့ ပုဂ္ဂိုလ်တွေဟာ ကုသိုလ်ရတယ်ထင်လို့ လုပ်တာ၊ အကုသိုလ်မှန်းသိလို့ လုပ်တာမဟုတ်ဘူး၊ သတ်ဖြတ်ပြီးတော့ ယဇ်ပူဇော်တဲ့ပုဂ္ဂိုလ်တွေ သွားမေးကြည့်။ မြတ်စွာဘုရားလက်ထက်တုန်းက သားသတ်ယဇ်တွေဆိုတာရှိတယ်၊ ယဇ်တွေပူဇော်တဲ့ အထဲမှာ "သဗ္ဗစတုက္ကဇ်"တို့၊ "သဗ္ဗအဋ္ဌကယဇ်"တို့၊ "သဗ္ဗသတက ယဇ်" တို့၊ ဘာလုပ်တာတုန်းဆိုရင် သတ္တဝါတွေ သတ်တာပဲ။ ဘုရားလက်ထက်က ယဇ်ပွဲတွေဆိုတာ ထင်ရှားစွာပေါ်လာခဲ့တယ်။ တတ်နိုင်တဲ့ပုဂ္ဂိုလ်တွေက ယဇ်ပွဲတွေ ကျင်းပတယ်၊ ဘယ်သူ့ကို ပူဇော်တာတုန်း ဆိုတော့ သူတို့ နတ်ဘုရားတွေကို ပူဇော်တာ။

"သဗ္ဗစတုက္ကဋ်" ဆိုတာ ဘာပြောတာတုန်းဆို လေးခု လေးစုံ ပါတဲ့ယဋ်။ သတ်တဲ့ထဲမယ် နွား လေးကောင်၊ဆိတ်လေးကောင်ပါမယ်၊ သိုးလေးကောင် ပါမယ်။ သိပ်ပြီး ပိုက်ဆံတတ်နိုင်တဲ့သူကျတော့ လူ လေးယောက်ပါ ပါသေးတယ်။ သတ်ပြီးတော့ အဲဒီသွေး နဲ့ ပလ္လင်ပေါ်မှာ ယဋ်ပူဇော်တာ။ ဒါ မြတ်စွာဘုရား လက်ထက်အထိ ခေတ်စားခဲ့တယ်။ အားလုံးကြားဖူးကြ လိမ့်မယ်၊ အိပ်မက်တွေ တောင်မက် မြောက်မက် မက်တဲ့ ဘုရင်ကြီးအကြောင်းလေ၊ ကောသလမင်းကြီး ဆိုတာ၊ အိပ်မက်တွေ တောင်မက် မြောက်မက် လျှောက်မက်တာ။ အခုခေတ်လည်း အိပ်မက်တွေ တောင်မက် မြောက်မက်တဲ့လူတွေ ရှိကောင်းရှိနိုင် တယ်။ အဲဒီ အိပ်မက်တွေ မက်တဲ့အခါကျတော့ ဒီ အိပ်မက်တွေ ယတြာချေရမယ်၊ ဒီအိပ်မက်တွေရဲ့ အကျိုးဆက်က မကောင်းဘူး၊ ယတြာချေမှဖြစ်မယ်။ ဒါဖြင့် ယတြာချေရင် ဘာလုပ်ရလဲ၊ ယဋ်ပူဇော်ရတယ်၊ ဘုရင်ဆိုတော့ တတ်နိုင်တော့ အများကြီး ယဋ်ပူဇော်

ရမှာပေါ့။ "သဗ္ဗသတက" ဆိတ်အကောင်တစ်ရာ သတ်ရမယ်၊ နွားအကောင်တစ်ရာ သတ်ရမယ် စသည်ဖြင့်ပေါ့၊ ယဇ်ပွဲအကြီးကြီးလုပ်ပြီးတော့ ဒါ အလှူဒါနဆိုပြီးတော့ ယဇ်ပွဲတွေလုပ်တာ၊ မြတ်စွာဘုရား လက်ထက်မှာ အဲဒီလိုလုပ်တာ။

"ယည" လို့ခေါ်တယ်၊ ဒီစကားလုံးက "ယဇ" ဆိုတာက လာတာဖြစ်သောကြောင့် "ယဇ" ကို "ယဇ" လို့ မသုံးတော့ဘဲနဲ့ "စ်" ပြီးတော့ ဗမာပြည် က "ယဇ်" ဆိုပြီးခေါ်လိုက်တာ။ "ယဇ်" "ယဇ" ရေးတဲ့ အခါမှာ "ယဇ်" လို့ရေးရတယ်။ အဲဒီ ယဇ်ပူဇော်မှု ဆိုတာတွေဟာ တစ်ချိန်တုန်းက အလွန့်ကို ခေတ်စားခဲ့တယ်။ မြတ်စွာဘုရားက အဲဒီစနစ်ကြီး ပျောက်သွားအောင် ထိုထိုသုတ္တန်တွေမှာ ဟောခဲ့တာ နည်းတာမဟုတ်ဘူး။ ယဇ်ပူဇော်မှုရဲ့ မကောင်းကျိုးတွေ၊ အဲဒီလို ယဇ်ပူဇော်တဲ့ပွဲတွေဟာ မမှန်ကန်ဘူး၊ အကုသိုလ်တွေဖြစ်တယ်၊ ဒီအကုသိုလ်ရဲ့ အကျိုးတွေကို ခံရမယ်၊ မြတ်စွာဘုရားကိုယ်တိုင်က ဟောခဲ့လို့ နောက်ဆုံးကျတော့ အိန္ဒိယ

နိုင်ငံမှာ ဟိန္ဒူတွေ အသိုင်းအဝိုင်းမှာ ယဇ်ပူဇော်မှု ဆိုတာတွေ ပျောက်ကွယ်သွားတယ်။ အခုကျတော့ သားကောင်တွေကို မသတ်ဘူး၊ **“အဟိံသာ”** မညှဉ်းဆဲရဘူးဆိုတဲ့တရား ထွန်းကားပြီးတော့ နောက်ဆုံးမှာ သက်သတ်လွတ်စားတဲ့ အနေအထားထိအောင် ရောက်လာတယ်။ အိန္ဒိယနိုင်ငံမှာ ဒီလိုရှိခဲ့တယ်။ ဒါ့ကြောင့် ငါးပါးသီလထဲမှာ မြတ်စွာဘုရားက အရေးကြီးဆုံး **“ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ”** ဆိုတာကို အခြေခံပြီးတော့ ဟောတာ။ အဲဒီ ယဇ်ပွဲတွေကို လူတွေရှောင်အောင်လို့ဟောတာ။

ဒါဖြင့် ယဇ်ပူဇော်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘာအတွက် လုပ်ကြတာတုန်း မေးလို့ရှိရင် သူတို့မေးရင် ကုသိုလ် ရချင်လို့လုပ်တာ။ ကုသိုလ်ရတယ်လို့ အစဉ်အလာ ဟောပြောလာခဲ့တာ ရှိတယ်။ အဲဒီ အစဉ်အလာ ဟောပြောချက်အရ ကုသိုလ်ရတယ်။ နောက်ဆုံးမှာ ယဇ်ပူဇော်လို့ရှိရင် ကောင်းရာသုဂတိဘုံ ရောက်တယ်၊ ကောင်းတယ်ဆိုတဲ့ ဆုံးမဩဝါဒစကား၊ ဘာသာတရား

ရဲ့ အဆုံးအမကြောင့် ယဇ်ပူဇော်မှုကို လုပ်တာ၊ ဒါ လုပ်ရင် ငရဲကျမယ်ဆိုရင် ဘယ်သူမှ မလုပ်ဘူး၊ ကောင်းမယ်ထင်လို့ လုပ်တာ။

သို့သော် ကောင်းမယ်ထင်လို့ လုပ်တဲ့ အလုပ် တစ်ခုသည် ကုသိုလ်အလုပ် မဖြစ်လာလို့ရှိရင် ထင်တဲ့ အတိုင်း မဖြစ်ဘူးပေါ့။ ဆိုပါစို့ ချိုချိုအေးအေး မွှေးမွှေး လေး လုပ်ထားတဲ့အဆိပ်၊ ဒါသောက်လို့ရှိရင် မအို၊ မနာ၊ မသေ၊ အမြိုက်ရေစင် သောက်လိုက်ရသလို ရာသက်ပန် ကျန်းမာတယ်လို့ တစ်ယောက်ယောက်က ပြောတယ်၊ နမ်းကြည့်လိုက်တော့လည်း မွှေးနေတယ်၊ အရသာလေးကလည်း ချိုတယ်ဆိုတော့ မအို၊ မနာ၊ မသေချင်လို့ သောက်လိုက်တာ။ သွားရော အဲဒီအဆိပ် က လူကိုဒုက္ခပေးတော့တာ။

အစကတည်းက မင်း ဒီအဆိပ်သောက်ရင် သေမယ်ဆိုရင် စိတ်ထား ပကတိရှိတဲ့ ပုဂ္ဂိုလ် တစ်ယောက်၊ ဘယ်သူမှမသောက်ဘူး၊ သေချင်တဲ့လူ ကတော့ သောက်မှာပေါ့။ သေချင်တဲ့သူကတော့

ဒါကြောင့်မို့ ဘုန်းကြီးတို့တတွေ ဒါက ကုသိုလ်လား၊ ဒါက အကုသိုလ်လားဆိုတာကို မှန်မှန်ကန်ကန် သိရှိနားလည်ဖို့က အင်မတန်မှအရေးကြီးတယ်။ လူ့ဘဝရလာလို့ရှိရင် မြတ်စွာဘုရားက ဟောထားတယ်။ ကိုယ်လုပ်ရင် ကိုယ်ခံရတယ်ဆိုတာ ဟုတ်တယ်လေ။ ဒါက ဘယ်သူမှ ရှောင်လွှဲလို့မရဘူးလေ။ ကိုယ့်သန္တာန်မှာ ဆိုပါစို့၊ HIV ပိုး တွေ့ပြီဆိုလို့ရှိရင် ကိုယ်ပဲခံရတာပဲ၊ သူများခံရတာမှမဟုတ်တာ။ ရောဂါဖြစ်ပြီ ဆိုလို့ရှိရင် သားသမီးမှာရောဂါဖြစ်ရင် အမေက "ငါ့မျှပေး၊ မင်းသက်သာအောင်လို့" လို့ လုပ်လို့ရလား၊ မရဘူး၊ ကိုယ်ဖြစ်ကိုယ်ခံဆိုတာ အင်မတန်မှ ထင်ရှားတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေရော မခံရဘူးလားဆိုတော့ စိတ်ဆင်းရဲမှုလေးတော့ ခံရတာပေါ့။ ဆိုပါစို့၊ မီးပုံနားကပ်ရင် နည်းနည်းတော့ပူတာပေါ့၊ ကိုယ့်မိသားစုထဲမှာ အကုသိုလ်များတဲ့ လူတစ်ယောက် ရောက်လာရင် အပူလေးတော့ ကူးစက်တာပေါ့။ သို့သော် အပြည့်အဝ

ခံရတာကတော့ လုပ်တဲ့လူပဲ။ ကျန်တဲ့လူက အပြည့်အဝ မခံရဘူးတဲ့။ အဲဒါကိုပြောတာ။

"ဗာလ" ဟာ ကိုယ်ကိုယ်တိုင် မဟုတ်တာလုပ်နေတာကို မဟုတ်တာလုပ်မှန်း မသိဘူးတဲ့။ အကျိုးဆက်ပေါ်လာလို့ ဆိုရင်တော့ မီးလောင်ခံရသလို ဒုက္ခတွေ့ပြီလို့ ဟောတာ။ ဒီဒေသနာတော်မှာ မြတ်စွာဘုရားက ဘာကို အကြောင်းပြုပြီး ဟောခဲ့တာလဲလို့ဆိုတော့ လူမိုက်လက္ခဏာပွဲကို အကြောင်းပြုတာ။ မြတ်စွာဘုရားလက်ထက်မှာလည်း အလွန်ဆိုးတဲ့ အခြေအနေတွေ၊ လူမိုက်တွေ ရှိတာပဲ။

ဘယ်ခေတ်မှာမဆို ပညာရှိတဲ့လူနဲ့ ပညာမဲ့တဲ့လူ အမြဲတမ်းရှိတာပဲ။ ပညာမဲ့တဲ့ပုဂ္ဂိုလ်ရဲ့ လုပ်ရပ်က တစ်မျိုး၊ ပညာရှိတဲ့ပုဂ္ဂိုလ်ရဲ့ လုပ်ရပ်က တစ်မျိုး၊ ပညာမဲ့တဲ့ ပုဂ္ဂိုလ်ရဲ့ အတွေးက တစ်မျိုး၊ ပညာရှိတဲ့ ပုဂ္ဂိုလ်ရဲ့ အတွေးက တစ်မျိုး၊ ဒီနှစ်မျိုးဟာ ပေါင်းစပ်လို့ရနိုင်တဲ့ အနေအထား မရှိဘူး။ မြတ်စွာဘုရား ၂၅-နှစ် သီတင်းသုံးခဲ့တဲ့နေရာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၊ သာဝတ္ထိ

မြို့ကို အမှီပြုပြီး ဘုရားက ၂၅-နှစ်တောင် နေခဲ့တာ။ ဘယ်နေရာမှ ဒီလောက်အကြာကြီးမနေဘူး။ ဆွေတော်မျိုးတော်တွေ ဆောက်လုပ်ထားတဲ့ နိဂြောဓာရုံကျောင်းတောင်မှ ဒီလောက်အကြာကြီးနေတာ မရှိဘူး။ အဲဒီသာဝတ္ထိမှာတော့ မြတ်စွာဘုရားက အကြာကြီး သီတင်းသုံးတယ်။ အဲဒီလို ဘုရား အကြာကြီးသီတင်းသုံးတဲ့ သာဝတ္ထိကလူတွေဟာ အကုန်လုံး ပညာရှိတွေချည်းပဲ ဖြစ်သလား၊ လူ့ယဉ်ကျေးတွေချည်းပဲ ဖြစ်သလား ဆိုတော့ မဖြစ်ဘူး။ လူဆိုးလူမိုက်တွေ အများကြီးပဲ။

"မာလ နက္ခတ္တ" ဆိုတဲ့ သူတို့မှာ လ,အလိုက် နက္ခတ်ပွဲတွေ ရှိတယ်ပေါ့။ ဘယ်နက္ခတ်နဲ့တွေ့ရင် ဘာလုပ်၊ ဘယ်နက္ခတ်နဲ့တွေ့ရင် ဘာလုပ်၊ နက္ခတ်အလိုက် ဆိုပါစို့၊ လပြည့်၊ လကွယ် ကောင်းကင်က moon ဆိုတဲ့ လ,ကြီးရဲ့ အနေအထားကိုကြည့်ပြီးတော့ လူတွေ ရက်တွက်ကြတယ်။

လပြည့်နေ့ဆိုတာ လ,မှာ အစိတ်အပိုင်း ၁၆-ခု ရှိတယ်၊ အားလုံး သိကြလိမ့်မယ်၊ လ,ဟာ လဆန်း

တစ်ရက်ကနေ စတယ်။ ဒါပေမယ့် လူမမြင်သေးဘူး၊ တစ်ခါတစ်ရံတော့လည်း ကြည်လင်ရင် နှစ်ရက်နေ့ဆို မြင်ပြီ။ သုံးရက်နေ့ကျတော့ ဗမာစကားတောင် ရှိသေးတယ်၊ သုံးရက်လ ခုံးမျက်စ၊ သုံးရက်လောက်ဆိုရင် လ,ကလေးက အစိပ်ကလေးတစ်ခု ပေါ်လာပြီ၊ အဲဒီလို အစိပ်ကို "ကလာ" လို့ ခေါ်တယ်။ အဲဒီ အစိပ်ပေါင်း ၁၆-ခု ပြည့်သွားပြီဆိုရင် လ,က ဝိုင်းစက်သွားပြီ fullmoon လပြည့်တယ်လို့ ခေါ်တာ။ ဝိုင်းသွားပြီ၊ ဒါကြောင့်မို့လို့ လပြည့်နေ့ လ,ထက် လပြည့်ကျော် ၁-ရက်နေ့ထွက်တဲ့လ,က ပိုဝိုင်းစက်တယ်လို့ ပြောကြတယ်။ ၁၆-ရက်ဆို လ,က "ကလာ" ပြည့်တယ်။ အစိတ်အပိုင်း ၁၆-ခုနဲ့ ပြည့်သွားတယ်။

အဲဒီလပြည့်နေ့မှာ တစ်လနဲ့တစ်လ မတူဘူး။ တန်ခူးလဆိုလို့ရှိရင် လပြည့်နေ့ဟာ "စိတြ" နက္ခတ်နဲ့ ယှဉ်ထွက်လာတယ်။ ဗမာပြက္ခဒိန်ကိုကြည့်၊ တန်ခူးလ ကစတယ်၊ ကဆုန်လကျတော့ "ဝိသာခါ" နက္ခတ်နဲ့ ယှဉ်တယ်။ ဒါကြောင့်မို့ ကဆုန်လကို "ဝေဆာခ်" လို့

ခေါ်ကြတယ်။ **ဝိသာခါ**ဆိုတဲ့ စကားလုံးကို တခြားနိုင်ငံတွေမှာ သုံးနှုန်းတဲ့အသံက "**ဗေဆာခ်**"။ ဒါကြောင့်မို့ **ဗေဆာခ်**ပွဲ ဆိုတာ ကဆုန်လပြည့်နေ့ပွဲကို ပြောတာ။ နက္ခတ်နဲ့ နာမည်ပေးထားတာ။ ပါဠိဘာသာမှာလည်းပဲ တန်ခူးလကို ပါဠိလို "**စိတ္တ**" လို့ခေါ်တယ်။ ဘာဖြစ်လို့လဲဆိုရင် လပြည့်နေ့ဟာ စိတြနက္ခတ်နဲ့ယှဉ်လို့၊ ကဆုန်လကျတော့ ဝိသာခါ နက္ခတ်နဲ့ ယှဉ်ပြီးထွက်လို့ "**ဝေသာခ**" ဆိုတာ ကဆုန်လပဲ။ နယုန်လကျတော့ "**ဇေဋ္ဌ**" နက္ခတ်နဲ့ ယှဉ်ထွက်လို့ နယုန်လကို "**ဇေဋ္ဌ**" လို့ခေါ်တယ်။ ဝါဆိုလကျတော့ "**အာသဠ္ဟီ**" နက္ခတ်နဲ့ ယှဉ်လို့ **အာသဠ္ဟ**လို့ခေါ်တယ်လို့ သူ့လ,နဲ့ သူ့နက္ခတ် နာမည်တွေ ရှိတယ်ပေါ့။

အဲဒီလို နက္ခတ်တွေရဲ့နာမည်နဲ့ဟောသွား၊ အဲဒီထဲမယ် ဗမာမှာတောင် ရှိတယ်ထင်တယ်။ တန်ဆောင်မုန်းလပြည့်ဟာ စောရနက္ခတ်ဆိုပြီးတော့ လပြည့်နေ့မှာ မဟုတ်တရုတ်လုပ်တာတွေ အများကြီးရှိတယ်။ ဆိုင်းဘုတ်တွေဟိုရွှေ့ဒီရွှေ့၊ ဗမာပြည်မှာလည်း လုပ်ကြ

တာတွေ ရှိတယ်ပေါ့။ အဲဒီ တန်ဆောင်မုန်းလပြည့်နေ့ လည်း ဖြစ်ချင်ဖြစ်မယ်ပေါ့။ စာထဲမှာတော့ ဘယ်လ လို့တော့ မပြောဘူး။

ဗာလနက္ခတ်က လူမိုက်တွေရဲ့ ပွဲလမ်းသဘင် ကျင်းပတဲ့ နက္ခတ်ပွဲသဘင်ရှိတယ်တဲ့။ သူတို့ဆီမှာဆိုရင် တစ်လတစ်ခါ နက္ခတ်ပွဲတွေလုပ်ကြတယ်ပေါ့။ ပူဇော်ပွဲ တွေ လုပ်ကြတယ်။ အဲဒီထဲမယ် သူတို့ကိုးကွယ်တာ ကလည်း အမျိုးမျိုးရှိတယ်။ ကောင်းတဲ့ဟာ ရှိသလို မကောင်းတာလည်းရှိတယ်။ အဲဒီ တချို့ နက္ခတ် ဗာလ နက္ခတ်ကျတော့ သူတို့စာဆိုအရ အဲဒီနေ့မှာ ဘာလုပ် တုန်းဆို ပါးစပ်က ယုတ်ယုတ်မာမာစကားတွေ ပြောကြ တယ်။ အိမ်တိုင်းအိမ်တိုင်း လိုက်ပြီးတော့ ယုတ်ယုတ် မာမာ စကားတွေ၊ မကြားဝံ့ မနာသာ စကားတွေ ပြောကြတယ်။ ဟဲ့ တော်ကြပါတော့ဆို ပိုက်ဆံလေး ပေးလိုက်ရင် ထွက်သွားကြတယ်၊ ပိုက်ဆံမပေးမချင်း တော့ မဟုတ်တရုတ်တွေ ပြောကြတာပဲ။ စာထဲမှာ တော့ **"အသဗ္ဘိဝါစာ"** ဆိုတာ လူကြားထဲမှာ ကြား

မကောင်းတဲ့စကားလို့ပြောတာ။ ကိုယ့်ဘာကိုယ်သာ တွေးကြည့်တော့။ လူကြားထဲမှာ နားထောင်လို့ မကောင်းတဲ့ စကားမျိုးတွေပြောတယ်။ ယုတ်ယုတ် မာမာ စကားတွေပြောတယ်၊ အဲဒီတော့ အိမ်တိုင်း အိမ်တိုင်းက ပိုက်ဆံပေးလိုက်တဲ့အခါကျတော့ အဲဒီ ပိုက်ဆံယူပြီးတော့ သောက်စားပျော်ပါးကြတယ်။ ဘယ် နှစ်ရက်ကြာတုန်းဆိုရင် ခုနစ်ရက်ကြာတယ်။

ဘုရား လက်ထက်က မြတ်စွာဘုရားတောင်မှပဲ ဘုရားကို ကြည်ညိုတဲ့ ဒကာ၊ ဒကာမတွေက "အရှင် ဘုရားတို့ ဆွမ်းခံမကြွပါနဲ့၊ ဒီခုနစ်ရက်တော့ ကျောင်း မှာပဲ သီတင်းသုံးပါ" ဆိုပြီးတော့ ဆွမ်းချက်ပြီး ကျောင်း ပို့ကြတယ်၊ ဘာဖြစ်လို့တုန်းဆိုရင် ခုနက လူမိုက်တွေက မကြားဝံ့ မနာသာစကားတွေ ဆဲဆိုပြီးတော့ တစ်မြို့လုံး ဟာ အုန်းအုန်းကျက်ကျက် ဖြစ်နေတယ်။ အဲဒီနေ့မှာ ဆဲလဲ ကိစ္စမရှိဘူး၊ ဗမာပြည်မှာတော့ တခြားအချိန်မှာ ရေပက်ရင်တော့ ရန်ဖြစ်မှာပေါ့၊ သင်္ကြန်တွင်းမှာတော့ ပက်ရင် ခံနေကြရတာပဲ၊ ပွဲကိုး။ အဲဒီ ဗာလနက္ခတ်ပွဲမှာ

ဆိုလို့ရှိရင် ဆဲချင်တိုင်းဆဲ၊ နားငွမ်းဆို့ထားမှပဲရမယ်။ ဆဲချင်တိုင်းဆဲ ပြောချင်တာတွေပြော၊ မကြားဝံ့ မနာသာတွေပြော၊ ဘာမှပြန်ပြောလို့မရဘူး၊ အခါ ကာလကိုး။

အဲဒီလိုပွဲမျိုးဟာ ဘုရားလက်ထက် သာဝတ္ထိမြို့မှာ ဒီလိုပွဲမျိုး ဖြစ်ခဲ့တယ်။ ခုနစ်ရက်တိတိ လူတွေဟာ ဒုက္ခ ရောက်ကြတယ်။ လူတော်လူကောင်းတွေ ဒုက္ခရောက် ကြတယ်ပေါ့။ ခုနက လူမိုက်တွေကတော့ ပျော်ကြ တယ်ပေါ့။ အဲဒီပွဲကြီး သတ်မှတ်ထားတဲ့ရက် ကုန်ဆုံး သွားတော့မှ အားလုံးဟာ နားချမ်းသာပြီးတော့ ဘုရား အမှူးရှိတဲ့ သံဃာတွေ မြို့တွင်း ဆွမ်းခံပြန်ဝင်ကြရ တယ်။ ဒီလိုဆိုတယ်။

အဲဒီဟာနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက ဘာပြောတုန်းဆို "**ပမာဒ မနုယုဉ္ဇန္တိ၊ ဗာလာ ဒုမ္မေဓိနော ဇနာ**" လောကလူတွေက စဉ်းစားဉာဏ်အလွန်နည်းကြ တယ်၊ အသိဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်တွေဟာ အပျော်အပါး လောက်သာ အာရုံထားပြီးတော့ ကြိုးစားနေကြတာ

တဲ့။ တကယ့်ကို အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်မှသာလျှင် **"အပ္ပမာဒဉ္စ မေဓာဝီ၊ ဓနံ သေဋ္ဌံဝ ရက္ခတိ"** တဲ့။ တန်ဖိုးရှိတဲ့ စိန်၊ ရွှေ ရတနာကို မပျောက်မပျက်အောင် တယုတယ လုံခြုံတဲ့နေရာမှာ သိမ်းထားသလိုပဲ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေက ကုသိုလ်ကောင်းမှုကို အမှတ်ရတဲ့ သူတို့ရဲ့တန်ဖိုးရှိတဲ့ စိတ်ဓာတ်လေးအပေါ်မှာ ဒီလို တန်ဖိုးရှိတဲ့ရတနာလို တန်ဖိုးထားကြတယ်တဲ့။ လူမိုက်တွေကတော့ အဲဒါကို တန်ဖိုးမထားဘူး။

လောကမှာ အကောင်းနဲ့အဆိုးဆိုတာ ဒီလိုဒွန်တွဲနေတယ်။ အကုသိုလ်အလုပ်က အကုသိုလ်သပ်သပ်၊ ကုသိုလ်ထင်ပြီးတော့လုပ်တဲ့ အကုသိုလ်တွေရှိတယ်။ အကုသိုလ်ထင်ပြီးတော့ ကုသိုလ်လုပ်ကြတာရှိတယ်။ အကုသိုလ်ဖြစ်ပေမယ့်လို့ ကုသိုလ်လို့ ထင်မှတ်နေတဲ့ အရာရှိတယ်၊ ဘာလဲဆိုရင် မြန်မာပြည်မှာလည်း ရှိတယ်၊ အရက်ဝိုင်းသွားပြီးတော့ အရက်ကို ဒကာခံတာ၊ ဒါနကောင်းမှု လုပ်တာပေါ့။ အမြင်တော့ သူက ဒကာပဲ၊ အရက်တိုက်တဲ့ ဒကာ၊ ဒီ့အတွက် သူက

ငွေကြေးပေးပြီးတော့ ကျန်တဲ့သူတွေကို အရက်တိုက်တာ။ အဲဒါ ကုသိုလ်ရသလားလို့ဆို ဘယ်ကုသိုလ်ရမလဲ၊ အဲဒါမျိုးကို ပြောတာ။ အကုသိုလ်တော့ အကုသိုလ်ပဲ၊ ဒါပေမယ့် အကုသိုလ်ကို ဒကာခံတာ၊ အဲဒါထက်ဆိုးတာ ရှိသေးတယ်။ အရက်ကို အရက်လို့ခေါ်တာတော်သေးတယ်၊ ယမကာလို့ခေါ်သေးတယ်။

ယမကာဆိုတဲ့ စကားလုံးက ဘုန်းကြီးတွေရဲ့ ဝိနည်းကျမ်းထဲမှာ အစာအာဟာရနဲ့ ပတ်သက်ပြီးတော့ အခေါ်လေးမျိုးရှိတယ်။ ဗဟုသုတအနေနဲ့ ပြောရမယ်ဆိုရင် မနက် အရုဏ်တက်တဲ့အချိန်က စပြီးတော့ မွန်းတည့်ချိန်အတွင်းသာ စားရမယ့် အစာအာဟာရမျိုးကို "**ယာဝကာလိကာ**" လို့ခေါ်တယ်။ နောက်အဖျော်ယမကာတွေကျတော့ ညဥ့်ဦးယံ ညနေပိုင်းအချိန်ပဲ၊ ဒီ့ထက်မကျော်စေရဘူး၊ ညဥ့်ဦးယံအချိန်မှာပဲ သုံးဆောင်ရမယ့်ဟာတွေဖြစ်လို့ "**ယာမကာလိကာ**" လို့ခေါ်တယ်။ အဲဒါကို "**ယာမကာလိကာ**" ကို ယမကာတဲ့၊ ဘုန်းကြီးတွေကျတော့ အဖျော်ပေါ့၊ ဖျော်ရည်ပေါ့၊

အဖျော်(၈)မျိုး ဆင်ဆင်တော့တူမှာပါ။ သူကလည်း သောက်တာ၊ ဒီကလည်းသောက်တာ၊ အဲဒါ ယမကာ "ယာမကာလိကာ" ကိုခေါ်တာ။

နောက်တစ်ခု ထောပတ်တို့ ပျားရည်တို့ သကာခဲတို့ ဒီလိုဟာမျိုးတွေ၊ ဆီတို့ ဒါတွေကို သူက ဘုန်းကြီးတွေ တစ်ခါအကပ်ခံထားလို့ရှိရင် (၇)ရက် သိမ်းထားလို့ရတယ်၊ (၇)ရက်သုံးလို့ရတယ်။ အဲဒါကျတော့ "သတ္တာဟ ကာလိက" လို့ ခေါ်တယ်။ (၇)ရက် သုံးပိုင်ခွင့်ရှိတဲ့ပစ္စည်း။ ထောပတ်၊ ပျားရည်၊ တင်လဲ၊ အဲဒါတွေကို ဆေးလို့ခေါ်တယ်။

နောက် မကျန်းမာလို့သောက်ရတဲ့ ဆေးတွေကျတော့ တစ်ခါအကပ်ခံထားရင် တစ်သက်လုံး ထားလို့ရတယ်။ ဆေးဆိုတာ တစ်ခါအကပ်ခံထားရင် ဘယ်အချိန်ဖြစ်ဖြစ် သုံးလို့ရပြီ။ "ယာဝဇီဝိက" လို့ခေါ်တယ်။ အဲဒီတော့ ဘုန်းကြီးတွေရဲ့ အသုံးဟာ ပစ္စည်းနဲ့ ပတ်သက်ပြီးတော့ အဲဒီလို သုံးမျိုးရှိတယ်။ စားလို့ရတဲ့

ပစ္စည်း၊ သောက်လို့ရတဲ့ပစ္စည်းတွေကို ဒီလို သုံးမျိုး ခွဲထားတယ်။

ထမင်း၊ ဟင်း၊ မုန့်၊ စားစရာသောက်စရာ၊ ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်၊ နံနက်စာစားတဲ့ အသီးတွေ၊ အဲဒါတွေက **"ယာဝကာလိက"**။ အဖျော်ယာမကာက **"ယာမကာလိက"**။ ထောပတ်၊ ဆီဦးစတဲ့ ဆေးအဖြစ် သုံးတဲ့ဟာတွေက **"သတ္တာဟကာလိက"**။ တကယ့်ကို မကျန်းမာလို့ သောက်ရတဲ့ဆေးတွေက **"ယာဝဇီဝိက"**။ ကာလိက လေးပါးလို့ ခေါ်တယ်။ အဲဒီထဲမယ် **"ယာမကာလိက"** ကို သွားပြီးတော့ ယမကာလို့ဆိုပြီး သုံးတာ။

အဲဒီယမကာကို ဒကာခံလို့ရှိရင် ကုသိုလ်ရသလား လို့ဆို၊ ဆိုပါစို့၊ ကိုယ်လုပ်တဲ့အလုပ်ဟာ တစ်ဖက်သား ကို ကောင်းကျိုးချမ်းသာ ပေးစေတာလား (သို့မဟုတ်) မကောင်းကျိုးကို ဖြစ်ပေါ်စေတာလားလို့ ဒီမေးခွန်း မေးကြည့်ပေ့ါ။ ငါးပါးသီလကို ကျိုးပျက်စေတာလား၊ ငါးပါးသီလကို လုံစေတာလားလို့ မေးလို့ရှိရင် ငါးပါး

သီလကို ကျိုးပျက်စေတယ်။ အဲဒီတော့ အကောင်းကို ဖြစ်စေတာလား၊ အဆိုးကိုဖြစ်စေတာလားဆိုရင် အဆိုး ကို ဖြစ်စေတာ။ ဒါကြောင့်မို့လို့ အဲဒါမျိုးဟာ လူတွေ မှာ ကုသိုလ်လို့ထင်ရပေမယ့်လို့ အကုသိုလ်တွေ ဖြစ် တယ်။ အဲဒီဒါနမျိုးက အကုသိုလ်ဒါနလို့ ဒီလို ဝိနည်း ငါးကျမ်းထဲမှာ "ပရိဝါရ" ဆိုတဲ့ကျမ်းထဲမှာ ဒါ အတိ အကျ ဆိုထားတာရှိတယ်။ အဲဒါမျိုးနဲ့ အလှူအတန်း လုပ်လို့ရှိရင် ကုသိုလ်မရဘူး။ သို့သော် အဲဒီခေတ်က ဒါတွေကို ကုသိုလ်ရတယ်လို့ ယူဆတဲ့ လူတွေလည်း ရှိတယ်ပေါ့။ ကုသိုလ်လို့ထင်ရပြီး အကုသိုလ် မဖြစ်တာ တွေ၊ ကျန်တာတွေလည်း ရှိသေးတယ်။ (၅)ခု၊ အကုန် မပြောတော့ပါဘူး။

အဲဒီလို အကုသိုလ်အမှုတွေ၊ ကုသိုလ်အမှုတွေ ဒီလိုခွဲခြားပြီး သိဖို့လိုတယ်။ ကုသိုလ် အကုသိုလ်ဆိုတာ ဘယ်မှာဖြစ်တာတုန်းဆိုတာလည်း သိဖို့လိုတယ်။ လုပ် တာတော့ ကုသိုလ်လုပ်ငန်းပါပဲ၊ ကုသိုလ်လုပ်ငန်း လုပ်ပြီး အကုသိုလ်တွေ ရသွားကြတာရှိတယ်။

မင်းတုန်းမင်း လက်ထက်တုန်းက မန္တလေးတောင်ရဲ့ မြောက်ဘက်မှာ မဟာဓမ္မိကာရာမရွှေကျောင်းတိုက်ကြီးဆိုတာရှိတယ်။ အဲဒီမှာ ရွှေကျောင်းတိုက်ငါးတိုက် အရှေ့အနောက်တန်းပြီး တည်ထားတယ်။ မင်းတုန်းမင်းက မန္တလေးတောင်ရဲ့ မြောက်ဘက်မှာ အဲဒီကျောင်းတိုက်ကြီးငါးတိုက် တည်ပြီးတော့ ရွှေဘိုသွားတဲ့ ဝက်လက်မြို့နားမှာ ရွှေကျောင်းရွာဆိုတာရှိတယ်။ ဗမာပြည်ကလည်း ရွှေထွက်တဲ့နေရာတွေ များပုံရတယ်။ ဟိုနားကျောင်း၊ ဒီနားကျောင်းနဲ့ ရွှေကျောင်းရတယ်။ ဒီနားမယ် မဒေါက်၊ ရွှေကျောင်း ဆိုတာရှိသေးတယ်လေ။ ဘယ်နေရာကျောင်းကျောင်း ရွှေထွက်တာပဲ။ ဗမာပြည်ရဲ့မြေက ရွှေမြေကိုး။ ဗမာတွေကလည်း ကိုယ်ကိုယ်ကို ရွှေလို့ခေါ်ကြတယ်။

ဘုန်းကြီးတို့ သီဟိုဠ်မှာနေတုန်းက သိလာတယ်ပေါ့။ ယိုးဒယားတွေကျတော့ ယပက်လက်တဲ့။ ဖိလစ်ပိုင်ကျတော့ ဖဦးထုတ်တဲ့၊ အိန္ဒိယကုလား သီဟိုဠ်ကုလားကျတော့ ကုန်းကုလား၊ ကျွန်းကုလားတဲ့ အဲဒီလို

ခေါ်တယ်။ ဗမာကျတော့ ရွှေတဲ့။ ရွှေဘယ်နှစ်ယောက် ပါလဲလို့၊ Captain ကျတော့ သူကြီးလို့ခေါ်တယ်။ ဒါ သင်္ဘောသားလောကက ဝေါဟာရတွေ။ သင်္ဘောသား လုပ်ဖူးတဲ့သူတွေ ဒီထဲလည်း ပါချင်ပါနေမှာပေါ့၊ အဲဒီလို ခေါ်ကြတယ်။

အဲဒီမှာ ဗမာပြည်က ရွှေထွက်တာတော့ ဟုတ် တယ်၊ Golden Land ဆိုတာ ဟုတ်တယ်၊ ရှေးတုန်းက သုဝဏ္ဏဘူမိဆိုတာ ဗမာပြည်ကို ပြောတာ။ ဗမာပြည်ရဲ့ ဒေသတစ်ခု၊ သုဝဏ္ဏဘူမိ။ အားလုံးကလည်း သုဝဏ္ဏဘူမိကို မြန်မာလို့ပဲ လက်ခံထားကြတယ်။ ရွှေထွက်တဲ့နိုင်ငံ၊ မြေကြီးကရွှေသီးတဲ့ နိုင်ငံ။

အဲဒီလို ဘုန်းကြီးတို့ ဒီနိုင်ငံမှာ အခုလို အခြေ အနေတွေ ကောင်းနေတယ်။ အဲဒီလို အခြေအနေ ကောင်းတဲ့အထဲမယ် မြန်မာလူမျိုးတွေက ခုနက ပြောခဲ့ တဲ့ ရွှေကျင်တဲ့နေရာတွေပေါ်လို့ အရပ်တိုင်း အရပ်တိုင်း ဘုရားပွဲတွေလည်း ကျင်းပတယ်၊ မင်းတုန်းမင်း လက်ထက်က အဲဒီရွှေကျင်ရွာက အင်မတန်မှ အနေ

အထိုင် ကောင်းတဲ့ ဆရာတော်ကြီးတစ်ပါး၊ ဆရာတော် ဦးဇာဂရတဲ့။ အဲဒီ ဆရာတော်ကြီးကို မင်းတုန်းမင်းက ပင့်ပြီး မန္တလေးတောင် မြောက်ဘက်မှာ ကျောင်းလှူတယ်။ အားလုံးကြားဖူးကြမှာပေါ့။ ရွှေကျင်ဂိုဏ်းဆိုတာ၊ အဲဒီဆရာတော်ကြီးက စတာ။ မင်းတုန်းမင်းကြီးက ရွှေကျင်နိကာယ ရွှေကျင်ဂိုဏ်းကို ဂဏဝိမုတ် အမိန့် ထုတ်ပြီး ပေးထားတယ်။ သံဃာ့ပရိသတ်တွေ အလွန် များတယ်။ ဆရာတော်ကြီးက ကျကျနန ဆုံးမတော့ ကြည်ညိုဖွယ်ရာကောင်းတယ်။ ဘုရင့်နန်းတော်က ဆွမ်းကြီးလောင်းပြီဆိုရင် ရွှေကျင်က သံဃာတွေ အများကြီးပင့်တယ်။

ရှေးတုန်းက ဘုရင်ကလည်း ဆွမ်းကြီးလောင်း တယ်။ အားလုံး ကြားဖူးကြလိမ့်မယ်၊ ဆွမ်းကြီး လောင်းတာနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ဘုန်းကြီး တို့ ဆရာတော်ကြီး အမိန့်ရှိဖူးတာ၊ နန်းတော်မှာ ဆွမ်း လောင်းတယ်၊ မန္တလေးကသံဃာတွေကိုပင့်တယ်၊ အခု ဒီကလူတွေ ပိုသိမှာပေါ့၊ ဝါတွင်းဝါပ ဆွမ်းလောင်း

နေတယ်ဆိုတာ၊ ဝိမုတ္တိ ဆွမ်းလောင်းအသင်း ဆွမ်းလောင်းတဲ့အခါမှာ တချို့ ကိုရင်ကလေးတွေဆို ရှေ့မြန်မြန်ရောက်ချင်လို့ တိုးတာတွေဘာတွေ ရှိမှာပေါ့။ ခုမှတိုးတာမဟုတ်ဘူး၊ မင်းတုန်းမင်းကြီးလက်ထက်ကလည်း တိုးတယ်တဲ့။ ဘုံလောင်းဆိုရင် တိုးတယ်လို့ ပြောတယ်။

မင်းတုန်းမင်း လက်ထက်က အဲဒီလိုတိုးလို့ ဘယ်လိုလုပ်ထားသလဲဆိုရင် အင်မတန်မှယဉ်ကျေးတဲ့ ဆင်ကြီးနှစ်ကောင်၊ ခိုင်းတဲ့အတိုင်းလုပ်တဲ့ စိတ်ချရတဲ့ ဆင်ကြီးနှစ်ကောင်ကို အစွယ်ချင်းယှက်ပြီးတော့ထားတယ်။ တစ်ပါးချင်း တစ်ပါးချင်း အဲဒီဆင်စွယ်ကြားက ဝင်ရတယ်။ ဆင်က တစ်လှမ်း နောက်ဆုတ်ပေးလိုက်ရင် အဲဒီကိုယ်တော်ဝင်၊ မတိုးအောင်လို့။ ဆင်နှစ်ကောင်ကြားက ဝင်ရတယ်။ အဲဒီလို လုပ်တယ်တဲ့။ ဆင်က နောက်ဆုတ်ပေးလိုက်၊ တစ်ပါးကြွလိုက်နဲ့၊ နောက်ဆုံးကျတော့ နောက်က ကိုယ်တော်တွေက ဘာလုပ်တုန်းဆိုတော့ သပိတ်ဖုံးနဲ့ သပိတ်ကိုတီးသတဲ့။

ဆင်ကြီးတွေက လန့်ပြီးတော့ ထွက်ပြေးသွားကြတယ်။ မင်းတုန်းမင်းကြီးက သဘောကျလို့ အဲဒီမှာ ရယ်သတဲ့။ ငယ်ငယ်တုန်းက အဲဒီလိုပြောတာကြားဖူးတယ်။

ဘုရင်ကြီးကလည်းပဲ မကြာမကြာ ဆွမ်းကြီး လောင်းတယ်။ အဲဒီမှာ ခုနကပြောတဲ့ ရွှေကျင် ဆရာတော်ကြီးက စာတမ်းလေးတစ်စောင် ထုတ်ခဲ့ဖူး တယ်။ သူ့စာတမ်းလေးနာမည်က **"ကုသိုလ်တစ်ပဲ ရေဲ့တစ်ဝိသာ"** စာတမ်းတဲ့။ ဘာနဲ့ ပတ်သက်ပြီးတော့ ရေးတာလဲဆိုရင် ထိုခေတ်က ဘုရားပွဲတွေနဲ့ ပတ်သက် ပြီး စာတမ်းရေးတာ။ ဆရာတော်ကြီးရေးတဲ့ ကဗျာ လေးတစ်ပုဒ်က ဘာလဲဆိုရင် **"တစ်နှစ်တစ်ခါ ရေဲ့ရွာ၊ လူ့ရွာဘုရားပွဲ"**။

ဘုရားပွဲဆိုပြီးတော့ ကျင်းပကြတယ်၊ ပွဲလမ်း သဘင်တွေနဲ့ ဘုရားပွဲလို့သာ ကျင်းပလိုက်တာ ဘုရား ရှိခိုးတဲ့လူဆိုတာ အင်မတန်မှနည်းတယ်။ ဘုရားပွဲကို ဘုန်းကြီးတို့တောင် မီလိုက်သေးတယ်။ မြန်မာပြည်မှာ ဝက်တောင်မှ အမျိုးမျိုးရှိသတဲ့။ ဘုရားပွဲကျတော့

ကျွေးဖို့မွေးထားတဲ့ဝက်ကို "ဘုရားဝက်" လို့ခေါ်တယ်တဲ့။ အခုခေတ်ကတော့ သူ့ဟာသူ လိုင်စင်တွေနဲ့မို့ ဒီလိုမရှိတော့ဘူး။ အခုလည်း order ပေးတာတွေ ရှိရင်ရှိမှာပေါ့။ ဘုန်းကြီးတွေ **"သံဃာဒိသိသ်အာပတ်"** သင့်လို့ ကုစားတဲ့အခါမှာ **"ပရိဝါသ်"** ဆောက်တည်တယ်။ **"ပရိဝါသ"** ဆိုတာ အပိုင်းအခြား တစ်ခုအလိုက် ဒဏ်တမ်းရတယ်။ အဲဒီလို ဒဏ်တမ်းပြီးတော့ အကျင့်ဆောက်တည်တာကို **"ပရိဝါသ်"** ဆောက်တည်တယ်လို့ တချို့ဒေသတွေမှာ လုပ်တယ်။ အဲဒီ **"ပရိဝါသ်"** ဆောက်တည်တဲ့ သံဃာတွေကို ကျွေးဖို့ မွေးထားတဲ့ ဝက်ကိုတော့ **"ဝါသ်ဝက်"** လို့ခေါ်တယ်။ အဲဒီလို ဝက်တွေက အမျိုးမျိုးရှိတယ်နော်။ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက ကြုံဖူးတယ်ပေါ့။ ရွာဘုရားပွဲဆိုရင် ဝက်သားစားရမှာ သေချာတယ်။ ဘယ်ကနေရတယ်လဲ မသိဘူး၊ ဘုရားပွဲဆိုရင် ဝက်သား စားကြရတဲ့အခါ အဲဒီလို ကုသိုလ်ဆိုပြီး လုပ်တဲ့အထဲမယ် အကုသိုလ်တွေက ပါလာတယ်။

အကုသိုလ် လုပ်တယ်ဆိုတာ တချို့က ငါ အကုသိုလ်မရှိဘူးလို့ ဒီလိုပြောကောင်းပြောလိမ့်မယ်။ အကုသိုလ်ဖြစ်တယ်ဆိုတဲ့ နေရာမှာ သူက "ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ" တဲ့။ အဲဒီလေးခု။ ကိုယ်တိုင်သတ်တာ၊ သူတစ်ပါးကိုသတ်ခိုင်းတာ (order ပေးတာ၊ အသားတွေကို order ပေးတယ်။ အသား ဘယ်နှစ်ပိဿာဆိုပြီး order ပေးတယ်။) ကိုယ့်ဟာ ကိုယ် ဈေးမှာသတ်ပြီးသားဝယ်တာ အကြောင်းကိစ္စ မဟုတ်ဘူး၊ order ပေးရင် ဒါ မလွတ်ဘူး။ နောက် တစ်ခုက ဘာတုန်းဆိုရင် ချီးမွမ်းတာ၊ တိုက်ရိုက်ချီးမွမ်း တာလည်း ပါမှာပါ။ ဝက်ပေါ်တာကိုပဲ သဘောကျပြီး ချီးမွမ်းတယ်၊ စိတ်တူတယ်၊ ဘာမှတော့ မပြောဘူး၊ စိတ်ကတော့ သဘောကျတယ်၊ အဲဒီ ပုဂ္ဂိုလ်လေးဦး စလုံးဟာ အကုသိုလ်ဖြစ်တာချင်း တူတယ်၊ ဒါက ဗုဒ္ဓ ဘာသာကျမ်းစာတွေမှာ ဆိုတဲ့ဟာ။

ဗုဒ္ဓဘာသာ ကျမ်းစာမှာ မဆိုဘဲနဲ့ ပြောတဲ့စကား တစ်ခုရှိတယ်။ ဆိုပါစို့ စားသူနဲ့သတ်သူ၊ အသားစားတဲ့

လူနဲ့ အသားပေါ်တဲ့သူ။ တချို့ ဘာသာရေးဂိုဏ်းက ဘယ်လိုယူဆလဲဆို စားတဲ့လူနဲ့သတ်တဲ့လူ အကုသိုလ်ဖြစ်တာချင်း ၅၀/၅၀ တဲ့။ ဒီလိုပြောတယ်။ ဂျိန်း ဝါဒမှာ အဲဒီအတိုင်းရှိတယ်။ ၅၀/၅၀ ပဲ။ သတ်တဲ့ လူက ၅၀% ပတ်သက်တယ်၊ စားတဲ့လူက ၅၀% ပတ်သက်တယ်။ အဲဒါကိုတော့ မြတ်စွာဘုရားကလက်မခံဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ စဉ်းစားကြည့်ပေါ့၊ သတ်တဲ့လူရဲ့စိတ်ဓာတ်နဲ့ စားတဲ့လူရဲ့စိတ်ဓာတ်နဲ့က တစ်မျိုးစီပဲလေ။ တစ်ခုတော့ ရှိတာပေါ့။ ငါ့အတွက်သတ်ပါစေဆိုတဲ့စိတ် ရှိရင်တော့ သူလည်းပါမှာပေါ့။ အဲဒါဆိုရင် အဲဒီလိုမဟုတ်ဘူး၊ ဈေးတွေ့လို့ ဝယ်စားတယ်၊ အသားဆိုင်က ဝယ်စားတယ်၊ နောက် သူ့မှာ သတ်ကြပါစေဆိုတဲ့စိတ်လည်း မရှိဘူး၊ အသားအနေနဲ့ပဲ ဝယ်စားလိုက်တယ်၊ သို့သော် သူ့စိတ်ထဲမှာ သေပါစေဆိုတဲ့စိတ် တစ်ခုမှမထားဘူး၊ စားစရာတစ်ခုအနေနဲ့ ဝယ်စားတယ်၊ စိတ်ကဖြူစင်တယ်။

အဲဒါကို မြတ်စွာဘုရားက ဥပမာ ဘာနဲ့ပေးလဲ ဆိုရင် "လက်မှာ ဒဏ်ရာအနာတရမရှိဘူး ဆိုလို့ရှိရင် အဆိပ်ကိုင်ပေမယ့်လို့ အဆိပ်မသင့်ဘူး" တဲ့။ ဆိုလိုတာက ကိုယ့်စိတ်က စင်ကြယ် သန့်ရှင်းနေရင် အကုသိုလ် မဖြစ်ဘူးလို့ ဒီလိုပြောတာ။ လောကမှာ အကုသိုလ် ဘယ်လိုလုပ်ရင်ဖြစ်တယ်၊ ဘယ်လိုလုပ်ရင် မဖြစ်ဘူးဆိုတာသိဖို့ အင်မတန်မှ အရေးကြီးတယ်။

ရွှေကျင်ဆရာတော်ကြီးရေးတဲ့ "**တစ်နှစ်တစ်ခါ ရေရှာ၊ လှူရှာဘုရားပွဲ**" "**ကုသိုလ်တစ်ပဲ ရေတစ်ပိဿာ**" စာတမ်း၊ ဘာဖြစ်လို့တုန်းဆို သူ့ခေတ်မှာ ခုနက ဘုရားပွဲတွေက ဝက်သတ်၊ ကြက်သတ်နဲ့ အသားတွေ သတ်ပြီးတော့၊ သံဃာတွေပင့်ပြီးတော့ ဆွမ်းကျွေးကြတယ်၊ ဧည့်သည်တွေ ဧည့်ခံကြတယ်။ ဒီလိုတွေဖြစ်တာကို။

သားကောင်တွေသတ်ပြီး ဒါန ကောင်းမှု လုပ်တယ် ဆိုလို့ရှိရင် နှစ်ပိုင်းရှိတယ်၊ သတ်တဲ့အပိုင်းက တစ်ပိုင်း၊ ဒါနကောင်းမှုလုပ်တာက တစ်ပိုင်း၊

သတ်တဲ့အပိုင်းက အကုသိုလ်ဖြစ်တယ်၊ ဒါနကောင်းမှု လုပ်တာ ကုသိုလ်ဖြစ်တယ်။ အဲဒီနှစ်ခုကို ယှဉ်ကြည့်လိုက်မယ်ဆိုရင် ဒါနရလိုက်တာကနည်းနည်း၊ ငရဲကြီးလိုက်တာကများများ။ အဲဒါကို ရည်ရွယ်ပြီးတော့ သူက "**ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ**" လို့ ပြောတာ။

ကြားဖူးကြပါလိမ့်မယ်၊ အမျိုးသမီးတစ်ယောက်ဟာ အိမ်ကို ဧည့်သည်ရောက်လာတယ်၊ အဲဒီနေ့မှာ လည်းပဲ အသားမပေါ်ရ ဥပဒေအရ အသား ဘယ်မှ ဝယ်မရဘူး၊ အိမ်ရောက်လာတဲ့ဧည့်သည်ကို သူက ဟင်းကောင်းနဲ့ ဧည့်ခံချင်တယ်၊ အိမ်မှာ မွေးထားတဲ့ ဆိတ်ကလေးကိုလည်လှီးပြီးချက်တယ်၊ အဲဒီအမျိုးသမီးဟာ ဘဝတိုင်း ဘဝတိုင်းမှာ သူက လည်လှီးပြီးတော့ ချက်လိုက်လို့ သူက ငရဲကျသွားတယ်။ ငရဲကလွတ်တဲ့ အခါကျတော့ ဇက်ပြတ်ပြီးတော့ သေရတဲ့ဘဝက မနည်းဘူးတဲ့။ ဒါကြောင့်မို့ တချို့ကပြောတယ်၊ ဆိတ်မွေးအမျှ ခံရတယ်တဲ့။

တချို့က ထင်ကောင်း ထင်လိမ့်မယ်၊ ကိုယ်က တစ်ခါတည်းသတ်တာ၊ ဘာဖြစ်လို့ ဒီလောက်ခံရတုန်း ဆို လူ့ရဲ့သန္တာန်မှာဖြစ်တဲ့ စေတနာက နည်းတာမှ မဟုတ်တာ၊ အဲဒါမေးလို့ရှိရင် ကိုယ်က ပြန်မေးရလိမ့်မယ်။ သရက်ပင်စိုက်တဲ့အခါမှာ တစ်စေ့တည်းစိုက်တာ၊ အပင်ကသီးတော့ တစ်လုံးတည်း သီးသလား (သို့မဟုတ်) အများကြီးသီးသလား။ တစ်ခုတည်းလုပ်ပေမယ့်လို့ အများကြီးရတယ်ဆိုတာ ထင်ရှားတယ်။ လူရဲ့သန္တာန်မှာ စိတ်စေတနာတွေက မြောက်များစွာဖြစ်တယ်။ လက်ဖျစ်တစ်ချက်အတွင်းမှာ စေတနာပေါင်းက ကုဋေတစ်သိန်းလောက် ဖြစ်သွားတယ်။ အဲဒီထဲမှာ အကျိုးပေးနိုင်တဲ့ စေတနာတွေ မြောက်များစွာပါတယ်တဲ့။ ဒါ့ကြောင့်မို့ မြတ်စွာဘုရားက ကုသိုလ်ကောင်းမှု လုပ်တဲ့အခါမှာလည်းပဲ တိရစ္ဆာန်ကို လှူလို့ရှိရင် အဆတစ်ရာ၊ ကိုယ်ကျင့်တရား မကောင်းတဲ့ လူကိုလှူရင် အဆတစ်ထောင်တဲ့၊ ဒီလိုပြောတာ။

ခုနက အကုသိုလ်အလုပ်တွေလုပ်လို့ အကုသိုလ်တွေ ဖြစ်လာပြီ ဆိုလို့ရှိရင်လည်း ဒီလိုပဲခံရတယ်။ အဲဒီအမျိုးသမီးက ညှော်သည်ကို ကျွေးမွေးညှော်ခံချင်တာ ဒါ ကုသိုလ်ပဲ။ ကျွေးချင်မွေးချင်တယ်၊ မှန်တယ်၊ ဒါ ကုသိုလ်။ သို့သော် ဆိတ်ကလေးကို သတ်လိုက်တာက တော့ အကုသိုလ်ပေါ့။ အဲဒီအကုသိုလ်ကို ခံရတယ်။ ကုသိုလ်ရဲ့အကျိုးကိုခံရတာ ဒီလောက်မထင်ရှားဘဲနဲ့ လူ့ဘဝရလာတိုင်း ရလာတိုင်း (သို့မဟုတ်) ဘဝတစ်ခု ရတိုင်းရတိုင်း ဇက်ပြတ်ပြီးတော့ သေရတယ်တဲ့။ အဲဒီအကုသိုလ်က ခံလိုက်ရတာ အများကြီးခံရတယ်။ အဲဒါမျိုးကို ရည်ရွယ်ပြောတာ။ "**ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ**" တဲ့။ ဒီလိုခံရရင် တော်တော်လေး ကြောက်စရာကောင်းတဲ့ဟာပဲ။

ဂေါတမဗုဒ္ဓ လက်ထက်မှာ ထင်ရှားတဲ့၊ သူဌေးအဖြစ်ထင်ရှားတဲ့ "**ဓမ္မဒိန္နာ**" ရဲ့ အမျိုးသား ဝိသာခ ဆိုတာရှိတယ်။ သူဌေး ဝိသာခ။ ရာဇဂြိုဟ်ပြည်မှာ နေတာ၊ အုပ်ချုပ်တဲ့မင်းက ဗိမ္ဗိသာရမင်း။ ဗိမ္ဗိသာရ

မင်းနဲ့ ဝိသာခတို့က ဒီဘဝမှာလည်း အလွန်ရင်းနှီး တယ်၊ ဟိုးလွန်ခဲ့တဲ့ ၉၂-ကမ္ဘာတုန်းကလည်း သူတို့ အတော်ရင်းနှီးခဲ့တဲ့သူတွေပဲ။ ဒီဘဝမှာ လာပြီးဆုံကြပြန် တယ်။ ၉၂-ကမ္ဘာထက်က တိဿ၊ ဖုဿ ဘုရားနှစ်ဆူ ပွင့်ခဲ့ဖူးတယ်။ အဲဒီ ဖုဿဘုရား လက်ထက်မှာ ဘုရင် ကြီးရဲ့ သားတော်သုံးပါးက ကုသိုလ်ကောင်းမှု လုပ်ချင် ကြတယ်၊ ဘုရင်ကြီးဆီက ခွင့်တောင်းပြီးတော့ သူတို့က ဝါတွင်းသုံးလပတ်လုံး သူတော်စင်အဝတ်ကိုဝတ်ပြီး သူတို့တပည့်ပရိသတ် ဆယ်ပါးသီလ စောင့်ကြတယ်။

ဗိမ္ဗိသာရမင်းရဲ့အလောင်းနဲ့ ဝိသာခရဲ့အလောင်း လွန်ခဲ့တဲ့ ၉၂-ကမ္ဘာထဲက အဲဒီထဲမယ် ဝိသာခ အလောင်းက ဘာလဲဆိုရင် အဲဒီ မင်းသားသုံးယောက် ရဲ့ ဘဏ္ဍာရေးမှူးပေါ့။ ဘဏ္ဍာကို သူက ကိုင်ရတယ်။ ဗိမ္ဗိသာရကတော့ အဲဒီတုန်းက မင်းသားသုံးယောက်ရဲ့ စာရေး၊ စီမံခန့်ခွဲရတဲ့၊ အခုခေတ်ဆိုရင် မန်နေဂျာပေါ့။ သူတို့နှစ်ယောက်ကို တာဝန်ပေးထားတယ်။ အလှူ့ ကျစီ အလှူ့ကျစီ တို့ညီအစ်ကို သုံးယောက်ပိုင်တဲ့

ဂိုဒေါင်တွေကနေထုတ်ပြီးတော့ နေ့စဉ်နဲ့အမျှ သံဃာတွေကိုဆွမ်းကပ်ဖို့၊ သူတို့နှစ်ယောက် ဦးဆောင်ပြီးတော့ ဆွမ်းကပ်ကြတယ်။ အဲဒီမှာ ဝေယျာဝစ္စသမားတွေ အများကြီးပဲ။ သူတို့ပေးထားတာက ဒါ သံဃာတွေကို ဆွမ်းကပ်ဖို့၊ သံဃာ့ဝတ်ဆိုပြီး ခွင့်ပြုထားတဲ့ ပိုက်ဆံထဲက နောက်ပိုင်း ဘာတွေဖြစ်လာတုန်းဆို သံဃာတွေ ဆွမ်းကပ်လို့ရှိရင်လည်း သိပ်ပြီးမကျန်ဘူးတဲ့၊ လက်ကျန် သိပ်မရှိဘူး။ တိုင်းပြီးတော့လုပ်တာဆိုတော့ ဘုန်းကြီးတွေကပ်ပြီးရင် ပြောင်တာပဲ။ ဝေယျာဝစ္စသမားက သူတို့ကို ပိုက်ဆံ ပေးထားတာဆိုတော့ သူတို့ကို ကျွေးတာမွေးတာ သိပ်လုပ်ပုံမပေါ်ဘူး။ ကျန်ရင်တော့ စားရမှာပေ့ါ။

နောက်ကျတော့ ဘာလုပ်လာတုန်းဆိုတော့ ဝေယျာဝစ္စသမားကလည်း (၃)လကြီးဆိုတော့ ရက်ရှည်ကြီးလုပ်ရတဲ့အခါကျတော့ အမေလည်းပါတယ်၊ အဖေလည်းပါတယ်၊ ထမင်းချက်တာဝန် ကျတယ်။ အမေက အသီးအနှံတွေ ချွတ်ဖို့ လှီးဖို့ မီးဖိုချောင်၊

အဖေက ထမင်းချက်ဖို့ပေါ့။ အဲဒီလို ဝေယျာဝစ္စလာတဲ့ အခါ အိမ်က ကလေးတွေ ပါလာတယ်။ ဆွမ်းတွေ ဘာတွေချက်လို့ သံဃာတွေက မကြွလာသေးဘူး၊ ကလေးလေးတွေက မေမေဆာတယ်၊ ဖေဖေဆာတယ် နဲ့ လုပ်လာတယ်။ လုပ်လာတဲ့အခါကျတော့ အဲဒီသံဃာ တွေ မကြွသေးခင် သံဃာတွေအတွက်လို့ လှူတဲ့လှူက လှူထားတာကို ပထမ ကလေးတွေ အငိုတိတ်အောင် ဆိုပြီးတော့ ပေးတာ၊ စပြီးတော့ ကျွေးလိုက်တာ၊ နောက်ကျတော့ သူတို့ကပါ စားတော့တာပဲ၊ သံဃာ တွေ မလာခင် သူတို့က ချက်လို့ပြုတ်လို့ ဆာတယ်ဆိုပြီး အရင်စားလိုက်ကြတော့တာပဲ။ အခြေအနေက အဲဒီလို ပြောင်းလဲသွားတယ်။ လုပ်တာတော့ သံဃာ့ဝေယျာဝစ္စ ကုသိုလ်လုပ်ကြတာပဲ၊ သို့သော် သံဃာတွေ မကပ် သေးခင် ဒီလို စားကြ သောက်ကြ၊ သံဃာ့ဝတ်ထဲက သံဃာကိုရည်စူးထားတဲ့ ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ် တွေကို စားကြသောက်ကြ ဖြစ်လာတဲ့အခါ သေလည်း

သေရော အဲဒီလူတွေက (၁၆၀၀၀)လောက်ရှိတယ်။ အကုန်လုံး ပြိတ္တာဖြစ်ကုန်တယ်။

ပြိတ္တာဘဝဆိုတာ စားရမဲ့သောက်ရမဲ့၊ ဒဏ်ခတ်ခံရတယ်ပေါ့။ ကံကြမ္မာရဲ့ ဒဏ်ခတ်မှုပေါ့။ အဲဒါ ၉၂-ကမ္ဘာထက်ကနေ ပြိတ္တာဖြစ်ပြီးတော့ ပြိတ္တာဘဝက ကျွတ်တဲ့အခါ လူဖြစ်လိုက် ဘာဖြစ်လိုက်ပေါ့လေ။ အခါအားလျော်စွာ ဟောဒီ ဘဒ္ဒကမ္ဘာ ရောက်တဲ့အခါကျတော့ ကကုသန် မြတ်စွာဘုရား လက်ထက်မှာ တစ်ခါ ပြိတ္တာဘဝ ပြန်ရောက်ကြပြန်တယ်။ အဲဒီလူတွေ ပြိတ္တာပြန်ဖြစ်တယ်၊ ပြန်ဖြစ်တဲ့အခါကျတော့ ကကုသန် မြတ်စွာဘုရားဆီသွားပြီး ချဉ်းကပ်ကြတယ်၊ သူတို့ ရုပ်အဆင်းတွေက အင်မတန်မှ ကြောက်မက်ဖွယ်ရာ ကောင်းတယ်။ အခုခေတ်ဆိုရင်တော့ ghost ပေါ့၊ တစ္ဆေ။ ဘုရားဆီချဉ်းကပ်ပြီးတော့ တပည့်တော်တို့ မစားရတာကြာပြီဘုရားတဲ့၊ ဘယ်တော့များကျွတ်မလဲ ဆိုတော့ တပည့်တော်တို့ စားရဖို့များကြုံမလားဆိုတော့ ဘုရားက မင်းတို့ ငါဘုရား လက်ထက်မှာတော့

ရဦးမှာမဟုတ်သေးဘူး။ စိတ်ပျက် လက်ပျက်နဲ့ ပြိတ္တာတွေ ဒီလိုပဲ ငေါ်ငေါ်ပြတ်ပြတ်နဲ့ နေကြရတယ်။

နောက်တစ်ခါ လူတွေရဲ့အသက် လေးသောင်းတမ်းမှာ **ကကုသန်** မြတ်စွာဘုရားပွင့်တာ။ နောက်အဲဒီလို ဆုတ်ကပ် တက်ကပ် ပြီးတဲ့အခါ နောက်တစ်ကျော့မှာ သုံးသောင်းတမ်းမှာ **ကောဏာဂမန** မြတ်စွာဘုရား ပွင့်လာတယ်။ အဲ သူတို့က မသေသေးဘူး၊ အသက်ရှည်တယ်။ ဘုရားဆီသွားပြီး လျှောက်ကြပြန်တယ်။ ဘုရားကလည်း ငါ့လက်ထက်မှာ မင်းတို့မရနိုင်သေးဘူး၊ အမျှဝေမယ့်လူမရှိဘူး၊ ကျွတ်ဖို့ မရှိသေးဘူး။ နောက် **ကဿပ** မြတ်စွာဘုရား အသက်ရှစ်သောင်းတမ်းမှာ ဆုတ်ကပ် တက်ကပ်ပြီးလို့ အသက်နှစ်သောင်းတမ်းမှာ ကဿပမြတ်စွာဘုရားပွင့်တယ်။ ကဿပမြတ်စွာဘုရားဆီ ချဉ်းကပ်ပြီးတော့ မေးတဲ့အခါကျတော့ ကဿပ မြတ်စွာဘုရားက မင်းတို့ ငါ့လက်ထက်တော့ စားရဦးမှာမဟုတ်ဘူး၊ ငါ့ရဲ့နောက်မှာ **ဂေါတမ** မြတ်စွာဘုရား ပွင့်လိမ့်မယ်။ အဲဒီဘုရား

လက်ထက်ကျရင် မင်းတို့ရဲ့ ဆွေတော်မျိုးတော်၊ မင်းတို့ရဲ့ မန်နေဂျာကြီး၊ ဘဏ္ဍာထိန်းကြီး သူတို့ ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှဝေရင်တော့ မင်းတို့ ကျွတ်ချိန်တန်ပါပြီလို့ အဲဒီလိုပြောတာ။ သိပ်ဝမ်းသာတာတဲ့၊ ကဿပဘုရားလက်ထက်မှာ အဲဒီအဖြေလေးရတာ။

နောက် နေလိုက်ရော၊ အကြာကြီး၊ ဂေါတမမြတ်စွာဘုရားပွင့်လာတယ်၊ ဘုရားက ရာဇဂြိုဟ်ပြည်ကြွတော့ ဗိမ္ဗိသာရမင်းကြီးက ဝေဠုဝန်ဥယျာဉ် လှူတယ်၊ ရေစက်ချတယ်၊ သူတို့မသိလိုက်ဘူး၊ အမျှ မရလိုက်ကြဘူး။ ဗိမ္ဗိသာရက ဟိုဘဝတုန်းက သူတို့ရဲ့မန်နေဂျာကြီးပေါ့။ နောက် ဝိသာခကလည်း ကုသိုလ်ကောင်းမှုတွေလုပ်တယ်၊ သူတို့ အမျှမရလိုက်ဘူး၊ မရလိုက်တဲ့အခါကျတော့မှ သူတို့ဟာ တစ်နည်းနည်းနဲ့သိအောင်ပြုကြတယ်။ မြတ်စွာဘုရားက ဗိမ္ဗိသာရမင်းကိုပြောတယ်၊ မင်းရဲ့ ဆွေတော်မျိုးတော်တွေ အခုလိုပြိတ္တာဘဝရောက်နေကြပြီ၊ သံဃာတွေရဲ့ စားဦးစားဖျားစားလို့ ဒီလိုဖြစ်တယ်။ အဲဒီတော့ ဒီတစ်ခါ ကုသိုလ်

ကောင်းမှုလုပ်ပြီးရင် အမျှပေးဝေပါလို့ဆိုတယ်။

ဘုရားအမှူးရှိတဲ့ သံဃာတွေပင့်ပြီးတော့ ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတွေကို ပြင်ဆင်ပြီးတော့ သံဃာတော်တွေ ဆက်ကပ်ပြီး ဒီကောင်းမှုကြောင့် အတိတ်က တပည့်တော်ရဲ့ ဆွေတော် မျိုးတော်တွေဟာ မစားရ မသောက်ရ ဖြစ်နေတာတွေ နတ်၌ဖြစ်သော အစားအစာတွေ ရရှိပါစေသတည်းလို့ဆိုပြီး အမျှဝေလိုက်တာ အဲဒီက စပြီး စားစရာတွေ ရသွားကြတယ်။ ညကျတော့ ကိုယ်တော်မြတ်တွေက ရောက်လာကြသေးတယ်၊ အဝတ်မပါဘူးတဲ့။ စားစရာတော့ရပြီ၊ ဝတ်စရာ မရှိသေးဘူးဆိုတော့ မြတ်စွာဘုရား သွားလျှောက်တဲ့အခါ မြတ်စွာဘုရားက အဝတ်လှူရမယ်ဆိုတော့ သံဃာတွေကိုပင့်ပြီး ခုနကလို နတ်၌ဖြစ်သော အဝတ်တွေကို ရပါစေသတည်းဆိုပြီး အမျှဝေလိုက်တဲ့အခါ သူတို့က သာဓုခေါ်လိုက်တော့ ဒီ ပြိတ္တာတွေဟာ လုံးဝကျွတ်တဲ့ အဆင့်ထိအောင် ရသွားတယ်။ ဝတ်စရာတွေလည်း

ရသွားတယ်၊ စားစရာတွေလည်း ရသွားတယ်။ သူတို့ဟာ ချမ်းချမ်းသာသာ ဖြစ်သွားတယ်။ အဲဒါဟာ ဒီ သံဃာ့ဝေယျာဝစ္စလုပ်လို့ ကုသိုလ်ရမလားဆိုတော့ မလုပ်တတ်တဲ့အခါကျတော့ **ကုသိုလ်က တစ်ပဲသား လောက်ရပြီးတော့ ငရဲက တစ်ပိဿာလောက်ဖြစ်တာ၊** ခံရတာ နည်းတာမဟုတ်ဘူးတဲ့။

အဲဒါကြောင့်မို့လို့ ဆရာတော်ကြီးတွေက သတိပေးတာ၊ မြန်မာပြည်မှာ ဘုရားပွဲတွေဆိုတာကလည်း အားလုံးသိကြတဲ့အတိုင်းပဲ၊ အကောင်ပလောင်တွေ သတ်ပြီးတော့ ဘုရားပွဲကျင်းပတယ်၊ ဇာတ်ပွဲတွေ ထည့်ပြီးတော့ကြည့်တယ်။ ကြည့်တော့ တချို့အရပ်တွေမှာ ကြားဖူးတာ၊ မြတ်စွာဘုရားရဲ့ အလှူခံပုံးမှာ တစ်နှစ်လုံးရှိတာ၊ လှူတဲ့လူတွေကတော့ ဘုရားရွှေသက်န်း ကပ်ရန်၊ လျှပ်စစ်မီးပူဇော်ရန်တို့ ဘာတို့ညာတို့ပေါ့။ သူ့ခေါင်းစီးနဲ့သူ၊ ရွှေတိဂုံဘုရားပေါ် တက်ကြည့်ရင် တွေ့မှာပေါ့။ သူ့ခေါင်းစီးလေးနဲ့သူ လှူထားကြတာ။

ဂေါပကတွေကဘာလုပ်လဲဆို အဲဒီပိုက်ဆံနဲ့ ပွဲငှားတယ်၊ ပွဲကြည့်တယ်။ ကြည့်ပြီးတဲ့အခါကျတော့ ဘုရားထဲမှာ ပွဲလာကြည့်တဲ့လူတွေက ဘယ်ဘုရားရှိခိုးဖို့လာတာဟုတ်မလဲ၊ ပွဲကြည့်သူတွေက ဘာတွေပါလာလဲဆို ဆီးပေါင်းထုပ်တို့ ဘာတို့ ဒါမျိုးတွေ ပါလာတယ်ပေါ့။ အခုခေတ်ဆို ပလတ်စတစ်တို့ပေါ့၊ ပြီးရင် အဲဒါတွေကို ပစ်သွားခဲ့တာ၊ ပွဲခင်းဟာ ဘုရားဝင်းထဲမှာ အညစ်အကြေးတွေနဲ့ ရှုတ်ယှက်ခတ်ပြီး ကျန်ခဲ့တာပေါ့။ ဒီထဲက ဟိုနားပေါက်တော ဒီနားပေါက်မြိုင်နဲ့ နံစော်ကျန်နေခဲ့တာပဲ။ ဒါ တကယ်ဖြစ်တာကိုပြောပြတာပါ။

ဘုရားပွဲပြီးလို့ စာရင်းရှင်းတဲ့ အခါကျတော့ ဘယ်လိုရှင်းတုန်းဆို အငြိမ်းငှားခက ဘယ်လောက်၊ အလှူခံလို့ရတာက ဘယ်လောက်၊ ဘာက ဘယ်လောက်၊ ဘာကဘယ်လောက်နဲ့ စာရင်းရှင်းလိုက်တာ လိုငွေပြလာတဲ့အခါ ဘုရားထံက ရရန်အကြွေး ဘယ်လောက်ဆိုပြီး ဘုရားပေါ်တောင် အကြွေးတင်လိုက်

သေးတယ်နော်။ ဘုရားကြီးထံက ရရန်အကြွေးတဲ့။ တကယ် တကယ် အဲဒါ။ အဲဒါမျိုးတွေကို ရည်ရွယ်ပြီး တော့ ဆရာတော်ကြီးက '**ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ**' တဲ့။ ဒီလိုပြောတာ။

တကယ်ကတော့ ကုသိုလ်စစ်စစ်ရအောင် လုပ်ဖို့ အင်မတန်မှအရေးကြီးတယ်။ ဘုရားပွဲလုပ်ရင် ဘယ်လို လုပ်ရမလဲ၊ မြတ်စွာဘုရားကို ဝတ်တက်ကြမယ်၊ ပန်း ရေချမ်းတို့ ပူဇော်ရမယ်၊ ဗုဒ္ဓါနုဿတိပွားရမယ်၊ ရှိခိုး ကြမယ်၊ ဒါပဲလုပ်ရမှာ၊ ပွဲကြည့်ဖို့ မလုပ်ရဘူး။ ပွဲဆိုတာနဲ့ ပတ်သက်လာပြီ၊ ဒါက သိအောင်တော့ပြောပြမယ်။ သိချင်လို့ရှိရင် "**ဂါမဏိသံယုတ်**" လို့ဆိုတဲ့ သံယုတ် ပါဠိတော်ထဲမှာ "**တာလပုဋ္ဌသုတ်**" ဆိုတာရှိတယ်။ အရင်တစ်ခါတုန်းက ဘုန်းကြီးတို့ ထည့်ဟောဖူးတယ်။

အဲဒီ "**တာလပုဋ္ဌ**" ဆိုတာ ဇာတ်ဆရာကြီး၊ သူ့ ဇာတ်ပွဲမှာ လူတစ်သိန်း ပါတယ်။ အင်မတန်မှ ကြီးကျယ်တဲ့ ဇာတ်ပွဲကြီး။ ဆောင်ရွက်တဲ့လူတွေ တစ်သိန်းလောက်ရှိတယ်။ သူက မြတ်စွာဘုရားနဲ့

ကြုံတဲ့အခါမှာ ဝင်လျှောက်တယ်။ သူတို့ ဇာတ်သဘင်လောကက ဆရာ့ဆရာကြီးတွေက ပြောတယ်တဲ့၊ အခုလို ဇာတ်ကပြီးတော့ လူထုတွေကို ဖျော်ဖြေတာဟာ ဒီကုသိုလ်ကြောင့် နောင်ဘဝမှာ "ပဟာသ" ဆိုတဲ့ **နတ်ပြည်၊** ပျော်စရာကောင်းတဲ့ နတ်ပြည်တစ်ခု ရောက်တယ်လို့ပြောထားတာတဲ့၊ အဲဒါ ဟုတ်ပါသလားတဲ့။

မြတ်စွာဘုရားက ဒီမေးခွန်း ငါ့ မမေးနဲ့တဲ့၊ ငါ မဖြေချင်ဘူးတဲ့။ ဘုရားက တစ်ခါတစ်ခါ သူများထိခိုက်မယ့်ဟာဆိုရင် မပြောချင်ဘူး။ ဘုန်းကြီးလည်း မပြောဘဲထားလိုက်ရင်ကောင်းမလားမသိဘူး။ မြတ်စွာဘုရားကို အတင်းမေးတဲ့အခါကျတော့ ဘုရားက ဘယ်လိုပြောတုန်းဆိုရင် ကြည့်၊ ဒီနေရာမှာ ရှုထောင့်လေးကို သေချာကြည့်ဖို့လိုတယ်။ မြတ်စွာဘုရားက ဘယ်လိုဖြေတုန်း "အေး၊ နဂိုကမှ လူတွေဟာ တဏှာရာဂ များနေတာ၊ တဏှာရာဂများအောင် လုပ်တယ်၊ နဂိုကမှ မုန်းတီးမှုစိတ်တွေများတဲ့လူတွေကို မုန်းတီးမှု

ရှိလာ အောင်လုပ်တယ်၊ နဂိုကမှ တွေဝေမိန်းမောတဲ့ လူတွေကို တွေဝေမိန်းမောအောင်လုပ်တယ် ဆိုပြီး တော့၊ လူတွေကို အကုသိုလ်ဖြစ်အောင် လုပ်သည့် အတွက်ကြောင့် **"ပဟာသ"** နတ်ပြည်မဟုတ်ဘူးတဲ့၊ **"ပဟာသ"** ငရဲကျတာတဲ့၊ မြတ်စွာဘုရားက အဲဒီလို ဖြေတယ်။ ဒါ ဘုန်းကြီးတို့ပြောတာ မဟုတ်ပါဘူး။ **"ကာလပုဋ္ဌသုတ်"** ဆိုတာရှိတယ်၊ **"ဂါမဏိ"** သံယုတ် ထဲမှာရှိတယ်။ **သံယုတ်ပါဠိတော် မြန်မာပြန်**တွေရှိတယ်။ အဲဒီမှာ မြတ်စွာဘုရား ဒီလိုဟောထားတာ၊ သတိထား စရာ ကောင်းတယ်။

ဒါဖြင့် ဘုရားပွဲတွေမှာ အတီးအမှုတ်နဲ့ ပူဇော်လို့ မရဘူးလား၊ ရတယ်။ အတီးအမှုတ်နဲ့ပူဇော်ရင် ကုသိုလ် ရတယ်။ ဟောဒီစောင်းဖြင့် မြတ်စွာဘုရားရဲ့ ဂုဏ် ကျေးဇူးသီချင်းတွေကို ဘုရားကိုပူဇော်တယ်။ ဟောဒီ ပျောနဲ့ တီးမှုတ်ပြီး ဘုရားကိုပူဇော်ပါတယ်။ အဲဒါဆိုရင် ကုသိုလ်ဖြစ်တယ်။ ကုသိုလ်စိတ်နဲ့ လုပ်ရင်တော့ ကုသိုလ်ဖြစ်ပါတယ်၊ လုပ်လို့ရတယ်။ အဲဒီတော့ အလုပ်

မတတ်ရင် ကုသိုလ်မရဘဲနဲ့ အကုသိုလ်ဖြစ်တယ်။ ဒါ့ကြောင့်မို့ ဆရာတော်ကြီးက "**တစ်နှစ်တစ်ခါ ငရဲရှာလှူ့ရှာဘုရားပွဲ**" ဆိုပြီး ရေးထားတာ။ ဆရာတော်ကြီးက အဲဒီအတိုင်းမြင်လို့ ရေးထားတာ။ သူ့စာတမ်းရဲ့နာမည်ကိုက "**ကုသိုလ်တစ်ပဲ ငရဲ တစ်ပိဿာ" စာတမ်း**တဲ့။ ဒါလည်း သတိထားစရာ အလွန်ကောင်းတာပေါ့။

ကောင်းပြီ၊ အခုလို ဆွမ်းကြီးလောင်းပြီ ဆိုတဲ့ အခါမှာလည်း ကုသိုလ်ရအောင် လုပ်တတ်တဲ့သူက ရမှာပဲ။ ခုနကလို အကုသိုလ်ရသွားတဲ့လူတွေလည်း ပါမှာပဲ။ မပါမရှိဘူး။ ကိုယ့်ကိုယ်ကို ကုသိုလ်လား၊ အကုသိုလ်လား သိအောင်လုပ်ရမယ်။ ကုသိုလ်ရအောင် လုပ်တတ်ရမယ်။ ကုသိုလ်ရအောင် စိတ်ထားတတ်ရမယ်။ အဲဒီလို မထားဘူးဆိုရင် "ကုသိုလ်တစ်ပဲ ငရဲ တစ်ပိဿာ" ဖြစ်မှာပဲ။ စိတ်ထားမတတ်ဘူးဆိုရင် ကုသိုလ်လုပ်ငန်းလို့ ပြောပေမယ့်လည်း ကုသိုလ်လုပ်ငန်းတိုင်း ကုသိုလ်ဖြစ်တာ မဟုတ်ဘူး၊ အကုသိုလ်ဖြစ်တာတွေ အများကြီးပဲ။ ဒါကြောင့်မို့ ကုသိုလ်ဖြစ်

အောင် ကိုယ်ကိုယ်တိုင် စိတ်ကိုဆောက်တည်ပြီးတော့ လုပ်ဖို့ အင်မတန်မှ အရေးကြီးတယ်လို့။ ဒါဟာ သိသင့် သိထိုက်တာတွေပဲပေါ့။

အဲဒီလိုမသိဘူး ဆိုလို့ရှိရင် ကုသိုလ်ကို အကုသိုလ် ထင်တယ်၊ အကုသိုလ်ကို ကုသိုလ်ထင်တယ်။ မှားမှား ယွင်းယွင်း ထင်ပြီးတော့ ကုသိုလ်ရမလားလုပ်တယ်၊ ရလာတဲ့အခါ အကုသိုလ်တွေဆိုရင် ဘဝမှာ နစ်မွန်း တာပေါ့။ အဲဒီလို နစ်မွန်းမှာဆိုရင် တော်တော် ကြောက်စရာကောင်းတာပဲလေ။ မိုက်မဲပြီ ဆိုလို့ရှိရင် အဲဒီလူဟာ အကောင်းလား အဆိုးလားဆိုတာ ဘာမှ မတွက်တတ်ဘူး၊ မတွက်တတ်သည့် အတွက်ကြောင့် အမေက "ငါ့သမီး၊ အမေ့ခေါင်းမှာ မှတ်ကြီးက ကိုက်နေတယ်၊ မောင်းစမ်းပါဟဲ့" ဆန်ဖွပ်ရင်း အနား နားရှိတဲ့ ကျည်ပွေ့နဲ့ ကောက်ထုတာ၊ မှတ် ကတော့ ပျံသွားတာပေါ့၊ အမေ့နဖူးထုမိပြီး နဖူးကွဲပြီး သေသွား တယ်ဆိုတာရှိတယ်။

အဲဒီလိုပဲ လုပ်တာတခြား ဖြစ်တာတခြား side effect ပေါ့။ ဘေးထွက်ဆိုးကျိုးတွေ များလာပြီ ဆိုလို့ရှိရင်တော့ **"ကုသိုလ်တစ်ပဲ ငရဲ တစ်ပိဿာ"** ဖြစ်မှာပဲ။ ဒါကြောင့်မို့လို့ ကုသိုလ်လုပ်တဲ့အခါမှာ ကုသိုလ်ပြည့်ပြည့်ဝဝရအောင် လုပ်ဖို့လိုတယ်။

အဲဒီ **"ကူဋဒန္တသုတ်"** မှာ ခု ဆွမ်းကြီးလောင်းတဲ့ပုဂ္ဂိုလ်တွေ၊ ပညာရှိအမတ်ကြီးက ဘုရင်ကြီးကို ဆုံးမဩဝါဒပေးတဲ့ အချက်(၁၀)ချက်ရှိတယ်။ အလှူအတန်းကြီး လုပ်ပြီဆိုရင် အခုက သံဃာတွေ ဆွမ်းလောင်းတယ် ဆိုပေမယ့် ကြည်ညိုဖွယ်ရာဆောင်တဲ့ သံဃာ ပါချင်ပါမယ်၊ ကြည်ညိုဖွယ်ရာ မဆောင်တဲ့ သံဃာ ပါချင်ပါလာမယ်၊ ဘယ်လိုစိတ်ထားမလဲ? တချို့ကျတော့ ဆွမ်းကြီးလောင်းရင်းကနေ ကိုရင်ကလေးတွေကို ငေါက်တာတွေ ဘာတွေ တွေ့တယ်။ မလုပ်ကြနဲ့၊ အဲဒါမျိုးက။ ဘယ်လိုစိတ်ထားရမလဲ ဆိုတာကို **"ကူဋဒန္တသုတ်"** မှာ မြတ်စွာဘုရား ဟောထားတာရှိတယ်။ ကိုယ်လုပ်တဲ့ ကုသိုလ်ကောင်းမှု

ပွဲကို လူတွေက အမျိုးမျိုးလာလိမ့်မယ်။ အသေးစိတ်တော့ မပြောဘူး၊ ကောင်းတဲ့လူတွေ မကောင်းတဲ့လူတွေ ပါလာလိမ့်မယ်။ ဆိုပါစို့ **ပါထာတိပါတ**ရှောင်တဲ့ သူတော်ကောင်းလဲလာမယ်၊ **ပါထာတိပါတ** လုပ်တဲ့သူလည်းလာမယ်။ အဲဒီလိုလာပြီ ဆိုတဲ့အခါမှာ ဘယ်လိုနှလုံးသွင်းရမလဲဆို ကောင်းတဲ့ပုဂ္ဂိုလ်တွေကို အာရုံပြု၊ စိတ်ထဲမှာ ကြည်နူးအောင်လုပ်ပါ။ မကောင်းတဲ့ပုဂ္ဂိုလ်တွေကို အပြစ်မြင်ပြီး ရန်တွေ့မနေပါနဲ့တဲ့။ ဒါက အရေးကြီးတာပေါ့နော်။ စိတ်ထဲမှာ ကုသိုလ်ဖြစ်ဖို့က အရေးကြီးတယ်။ စိတ်ထဲမှာ ကုသိုလ်မဖြစ်ဘဲနဲ့ အကုသိုလ်ဖြစ်ပြီ ဆိုလို့ရှိရင် ခုနကပြောတဲ့ "**ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ**" ကိုယ်လုပ်တာက ကုသိုလ်၊ ရတာက အကုသိုလ်၊ ဒီလိုဖြစ်တယ်။

ဒါကြောင့်မို့ ကုသိုလ်လုပ်တဲ့အချိန်မှာ ကိုယ့်စိတ်ကို စင်စင်ကြယ်ကြယ်လေး ကုသိုလ်ပဲရအောင် ကြိုးစားမယ်၊ အားလုံး အရာရာမှာ ကုသိုလ်ရဖို့ပဲ၊ စိတ်

ကြည်နူးမှုပေါ် မှာပဲထားပြီးတော့ ဘယ်ကိစ္စပဲဖြစ်ဖြစ် အကောင်းဘက်က ရှုမြင်ပြီးတော့ ကိုယ်လုပ်တဲ့အလုပ် တစ်ခု အောင်မြင်အောင် ကုသိုလ်စိတ်နဲ့ပဲ ဆောင်ရွက်ဖို့ လိုအပ်တယ်။ အဲဒီလိုလုပ်မှသာလျှင် ကုသိုလ်ဟာ ပြည့်ပြည့်ဝဝ ရကြမှာ။ အဲဒီလို မဟုတ်လို့ရှိရင် ဆရာတော်ကြီး အမိန့်ရှိသလိုပဲ "**ကုသိုလ်တစ်ပဲ ရေ တစ်ပိဿာ**" ဖြစ်ပြီးတော့ အဲဒီအကုသိုလ်ရဲ့အကျိုးကို ခံကြရတယ်တဲ့။

ဒါ့ကြောင့် တရားချစ်ခင် သူတော်စင်ပရိသတ် အပေါင်းတို့ အခု ဘုရားပွဲနဲ့ပတ်သက်၍ လည်းကောင်း၊ တရားပွဲနဲ့ပတ်သက်ပြီးတော့လည်းကောင်း မှတ်ရမှာပဲ၊ သံဃာပွဲနဲ့ ပတ်သက်ပြီးတော့လည်း မှတ်ရမှာပဲ၊ ကုသိုလ်ပွဲတွေနဲ့ ပတ်သက်လာလို့ရှိရင် ကုသိုလ် ပြည့်ပြည့်ဝဝရအောင် စိတ်ထားတတ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ **စိတ်ထားတတ်မှမြတ်တယ်** လို့ ဆိုတဲ့ စကားဟာ အလွန်မှန်ကန်တယ်။ ကုသိုလ်

ရအောင် စိတ်ထားတတ်ဖို့ အရေးကြီးတယ်ဆိုတာ ကိုယ်စီကိုယ်စီ မှတ်သားပြီးတော့ ကုသိုလ်တရား ဖြစ်ပွားအောင် သတိကြီးစွာထားပြီး ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- နိယျာနိကသာသနာနှင့် မြတ်ဒေသနာများ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

၂၄။ မင်္ဂလသုတ်အနှစ်ချုပ်

၂၅။ သာရဏီယတရား

၂၆။ ရသတဏှာ

၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း

၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ

၂၉။ မဟာဒါန

၃၀။ စိတ်၏ထွက်ပေါက်များ

၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ

၃၃။ န စ သော၊ န စ အညော

၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်

၃၅။ စိတ်၏အတွေးများ

၃၆။ ဥပါဒါနပစ္စယာဘဝေါ

၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း

၃၈။ အတ္တာဟိအတ္တနောနာထော

၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်

၄၀။ ဟောသူ နာသူ စိတ်ထားဖြူ

၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ကုန္တြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝင့်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘောသင္ဂဟ
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား
၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ

၁၁။ [illegible]
၁၂။ [illegible]
၁၃။ [illegible]
၁၄။ [illegible]
၁၅။ [illegible]
၁၆။ [illegible]
၁၇။ [illegible]
၁၈။ [illegible]
၁၉။ [illegible]
၂၀။ [illegible]